# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ သောကြာနေ့။ Friday, 3 November 2023 ၁၁၂၆၈


**သွားလေရာအရပ်၌**
**အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

# MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်ခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများထုတ်ပေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိ

## လုပ်ငန်းများအောင်မြင်တိုးတက်မှုရှိစေရေး အမှန်တကယ်အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရေး ဖန်တီးဆောင်ရွက်ပေးရန်လို

နေပြည်တော် နိုဝင်ဘာ ၂

ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၃)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰


**ယနေ့ ဖတ်စရာ**

**မိုးကောင်း-မြစ်ကြီးနား-မိုးကောင်း ရထားခရီးစဉ် ပြန်လည်ပြေးဆွဲခြင်း ဖွင့်ပွဲကျင်းပ၊ တစ်လတိတိ အခမဲ့ ပြေးဆွဲပေးမည်**
စာမျက်နှာ » ၁၀



**စပျစ်စိုက်ပျိုးခြင်းဖြင့် တောင်သူစီးပွား၊ ဒေသစီးပွား တိုးပွားစေမည်**
တွေ့ဆုံမေးမြန်း
စာမျက်နှာ » ၁၁

**စင်ကာပူနိုင်ငံ၌ အောက်တိုဘာလတွင် နေ့အပူချိန် အမြင့်ဆုံးအဖြစ် စံချိန်တင်မြင့်တက်**
စာမျက်နှာ » ၁၃

ကြေးမုံ

# ဉာဏ်ရည်တုနည်းပညာဆိုက်ဘာလုံခြုံရေး

ကမ္ဘာပေါ်တွင် ဆက်သွယ်ရေးနည်းပညာများ အရှိန်အဟုန်ဖြင့် တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာရာ အခြေခံလူမှုဘဝဝန်ဆောင်မှုများမှ အာကာသပညာရပ်များအထိ အသုံးတွင်လာခဲ့သည်။ အွန်လိုင်းနည်းပညာစနစ်များ၊ ဒစ်ဂျစ်တယ်စီမံခန့်ခွဲမှုစနစ်များ စသည်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေးကဏ္ဍများတွင် ကျယ်ပြန့်စွာဖြစ်ထွန်းလာသည်။ ဆက်သွယ်ရေးနည်းပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမှုသည် ကောင်းကျိုးများနှင့်အတူ ဆိုးကျိုးများလည်း ယှဉ်တွဲပါလာသည်ကို နိုင်ငံအများတွေ့ရှိလာကြသည်။

ယခုအခါ ဒစ်ဂျစ်တယ်နည်းပညာများထက် ပိုမိုအသုံးတွင်ကျယ်လာသည့် ဉာဏ်ရည်တုနည်းပညာ (AI) ပေါ်ပေါက်လာသည်။ မကြာသေးမီက ကမ္ဘာ့နိုင်ငံ့ခေါင်းဆောင်များ၊ သိပ္ပံပညာရှင်များနှင့် နည်းပညာရှင်များက ဉာဏ်ရည်တုနည်းပညာ (AI)၏အသုံးဝင်မှုများကိုသာမက ထိုနည်းပညာကိုအလွဲသုံးပြီး ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များအား သတိပြုနိုင်ရန်နှင့် ကာကွယ်နိုင်မည့်ဥပဒေများကိုပါ ဆုံးဖြတ်ပြဋ္ဌာန်းလာကြသည်ကိုတွေ့ရသည်။ အမေရိကန်ကဲ့သို့ နည်းပညာထွန်းကားသည့်နိုင်ငံကြီးသည်ပင် နည်းပညာအလွဲသုံးမှုအန္တရာယ်များကို သတိပြုလာကြရာ နိုင်ငံငယ်များအနေဖြင့်လည်း ကြိုတင်သတိပြုပြင်ဆင်ထားရမည်ဖြစ်သည်။

ဉာဏ်ရည်တုနည်းပညာသည် လက်ရှိတွင် အဆင့်အမြင့်ဆုံးနည်းပညာတစ်ခုဖြစ်ပြီး လူအများ၏ဘဝကို တိုးတက်ကောင်းမွန်အောင် ဖန်တီးပေးနိုင်စွမ်းရှိသော်လည်း တစ်ချိန်တည်းမှာပင် အဆိုပါနည်းပညာကြောင့် လုံခြုံရေးခြိမ်းခြောက်မှုများ၊ ဒီမိုကရေစီအစိုးရအပေါ်ထားရှိသည့် ပြည်သူများ၏ ယုံကြည်မှုထိခိုက်နိုင်မှုများရှိသည်ဟု နိုင်ငံ့ခေါင်းဆောင်များက ပြောကြားလာကြသည်။ ဉာဏ်ရည်တုနည်းပညာကြောင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် တိုးတက်ဖွံ့ဖြိုးမှုများရှိလာသလို လူတို့၏ကိုယ်စိတ်ကျန်းမာရေးကို ထိခိုက်စေနိုင်ခြင်း၊ သတင်းမှားများဖန်တီးနိုင်ခြင်း၊ အလုပ်အကိုင်များဆုံးရှုံးနိုင်ခြင်း၊ အနာဂတ်တွင် အဆိုပါနည်းပညာကြောင့်ပင် လူသားမျိုးနွယ်တစ်ခုလုံးကို အန္တရာယ်ပေးလာနိုင်ကြောင်း သုံးသပ်မှုများရှိလာသည်။

ဉာဏ်ရည်တု (Artificial intelligence – AI) ဆိုသည်မှာ အသိဉာဏ်ရှိသော ကိုယ်စားလှယ်များကို ဒီဇိုင်းထုတ်လေ့လာရန် သို့မဟုတ် စက်ကိရိယာတို့၏ အသိဉာဏ်ကိုဖန်တီးထားခြင်းဖြစ်သည်။ AI နည်းပညာတွင် ခွဲခြမ်းစိတ်ဖြာ၊ လူ့ – Inspired ၊ လူအတုထောက်လှမ်းရေးတို့ပါဝင်သည်။ သိပ္ပံနှင့်နည်းပညာမြင့်မားတိုးတက်လာသော လူ့အသိုက်အဝန်းတွင် AI နည်းပညာသည် ဆန်းသစ်သည့် ဝန်ဆောင်မှုများကို ပေးစွမ်းနိုင်သည်။ သိမှုဉာဏ်အပြင် လူ့စိတ်ခံစားချက်ကို နားလည်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတို့ကို ထည့်သွင်းစဉ်းစားနိုင်စွမ်းရှိသည့် ဉာဏ်ရည်ထည့်သွင်းထားသော ဉာဏ်ရည်တု လူမိတ္တူဖြစ်သည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးပြီးနိုင်ငံမဟုတ်သေးသော်လည်း ၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီးနောက် ဆက်သွယ်ရေးနည်းပညာကဏ္ဍကို လွတ်လပ်သောဈေးကွက်အဖြစ် ဖွင့်လှစ်ပေးနိုင်မှုနှင့်အတူ နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်။ အွန်လိုင်းဝန်ဆောင်မှုစနစ်များ၊ ဒစ်ဂျစ်တယ်နည်းပညာစနစ်များ ပိုမိုကျယ်ပြန့်စွာအကောင်အထည်ဖော်လာနိုင်သောကြောင့် စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူတို့၏ နေ့စဉ်လူမှုစီးပွားဘဝများတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအသုံးပြုမှုအပေါ် များစွာမှီခိုလာကြသည်။ အသုံးပြုမှုကျယ်ပြန့်လာသည်နှင့်အတူ ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်မှု၊ တိုက်ခိုက်မှုများလည်း များပြားလာခဲ့သည်။

ဉာဏ်ရည်တုနည်းပညာ (AI) ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် လူသားဖြစ်တည်မှုနှင့် လူနေမှုဘဝပတ်ဝန်းကျင်ကို လွှမ်းမိုးထိခိုက်နိုင်သည့်အခြေအနေများ ကြုံတွေ့လာသည်။ အမျိုးသားလုံခြုံရေးအထိ ပါဝင်လာနိုင်သောကြောင့် နိုင်ငံအများစုက ဉာဏ်ရည်တုနည်းပညာ(AI)ကို မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများဖြင့် ထိန်းကျောင်းရန်ကြိုးစားလာကြသည်။ သတင်းအချက်အလက်နှင့်နည်းပညာဆိုက်ဘာနယ်ပယ်တွင်လည်း စိန်ခေါ်မှုများ များပြားလာသည့်အတွက် မျက်ခြည်မပြတ်စောင့်ကြည့်ရန် လိုအပ်လာသည်။ မြန်မာနိုင်ငံအနေဖြင့် ဉာဏ်ရည်တုနည်းပညာ (AI) သက်ရောက်မှုမရှိသေးသော်လည်း ဆိုက်ဘာလုံခြုံရေးကို အထူးသတိပြုလျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် နည်းပညာတိုးတက်ဖြစ်ထွန်းလာမှုနှင့်အတူ ကြိုတင်ကာကွယ်ဖြေရှင်းရန်လိုအပ်သော ဆိုက်ဘာလုံခြုံရေးမူဝါဒကို ၂၀၂၃ ခုနှစ် မတ်လတွင် ထုတ်ပြန်ထားသည်။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒတွင်ပါဝင်သော အချက်အလက်များကို သက်ဆိုင်ရာနယ်ပယ်အလိုက် သိရှိနားလည်ဆောင်ရွက်ထားရန် လိုအပ်သည်။

သို့ဖြစ်ရာ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ တိုးတက်ထွန်းကားနေသောလောကတွင် မြန်မာနိုင်ငံအနေဖြင့် ဆက်သွယ်ရေးနည်းပညာများကဏ္ဍအသီးသီးတွင် အကျိုးရှိစွာအသုံးချမှုကို ဆက်လက်မြှင့်တင်ပြီး ကြုံတွေ့လာနိုင်သည့် ဆိုက်ဘာခြိမ်းခြောက်မှု၊ တိုက်ခိုက်မှုနှင့် ဉာဏ်ရည်တုနည်းပညာ (AI) ၏ အသုံးဝင်မှုနှင့် အန္တရာယ်ရှိမှုတို့ကို လေ့လာသိမြင်ထားကြရမည်ဖြစ်ပါကြောင်း။ ။


မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆေးပညာညီလာခံ (၂၀၂၃)

"အရည်အသွေးပြည့်..... သွားကျန်းမာရေး
ပြည်သူ့ထံသို့ ဆောင်ကြဉ်းပေး"

Quality Dental Care for Community

၃ ရက် – ၄ ရက် ၊ နိုဝင်ဘာလ

MICC II, နေပြည်တော်


## (၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် နေပြည်တော်စာပေဝိုင်းမှ အလှူငွေများလှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၂

မြန်မာနိုင်ငံစာရေးဆရာအသင်း၏ ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အဖြစ် (၃၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာ စာရေးဆရာမများ (ကိုယ်စား) အမျိုးသားစာပေဆုရှင် ဆရာကြီးချစ်နိုင်(စိတ်ပညာ)



က ငွေကျပ် ၄၀၀၀၀၀ ကို ယမန်နေ့က ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အမျိုးသားစာပေဆုရှင် ဆရာကြီးချစ်နိုင်(စိတ်ပညာ)က မုဒိတာစကားပြောကြားခဲ့ပြီး လှူဒါန်းပွဲသို့ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)၊ စာရေးဆရာကြီး ချစ်နိုင်(စိတ်ပညာ)၊ ဆရာကဖိုးကျင်၊ ဆရာမဇင်(ရန်ကုန်တက္ကသိုလ်)၊ ဆရာစိန်ဝင်းနွယ်(ဘာသာပြန်)၊ ဆရာရဲမွန်ကျော်၊ ဆရာဟန်ညွန့်(ယဉ်ကျေးမှု)၊ ဆရာအိုင်ပီမျိုးအောင်၊ ဆရာနွေဦးကိုကို၊ ဆရာဘုန်းရဲနိုင်(ဂန့်ဂေါ)၊ ဆရာအောင်ဆွေထက်(ရွှေးမြို့တော်)၊ ဆရာမချယ်ချယ်(YU)၊ ဆရာမနန်းနန်း(စပါးကျီ)၊ ဆရာမောင်အောင်ဝေ(ညောင်ခြေထောက်)နှင့် ဆရာမောင်သန်းညွန့်(မြစ်ခြေ)တို့ တက်ရောက်ခဲ့ကြသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ အမှတ် (၁၇၃/၁၇၅)၊ (၇)လွှာ၊ ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း ၀၁–၂၅၂၄၁၇၊ ၀၉–၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ သတင်းစဉ်

သင့်စီးပွားရေး လုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂-၁၁-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၀ | ၀ |
| MTSH | ၂,၉၅၀ | ၂,၉၅၀ | ၅၃ | ၁၅၆,၃၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၅၀ | ၈၂,၅၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၀ | ၀ |
| EFR | ၂,၀၅၀ | ၂,၀၅၀ | ၅၀၇ | ၁,၀၃၉,၃၅၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၁၁ | ၅၃,၉၀၀ |
| MAEX | ၁,၈၀၀ | ၁,၇၅၀ | ၅၀၂ | ၈၇၈,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် – ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ – ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦးနှင့်အဖွဲ့

# မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**မိမိတို့အနေဖြင့် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုထား၍ ဆောင်ရွက်ပေးခဲ့**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ၌ MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့များက ကိုးကန့်ဒေသအတွင်း နယ်မြေလုံခြုံရေးစခန်းများနှင့် ဌာနဆိုင်ရာရုံးဌာနများကို တိုက်ခိုက်လာမှုများရှိကြောင်း၊ အလားတူ ကချင်ပြည်နယ်တွင်လည်း လမ်းပန်းဆက်သွယ်ရေး၊ နယ်မြေလုံခြုံရေးစခန်းများအား တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် KIA အဖွဲ့အား နယ်မြေတည်ငြိမ်အေးချမ်းမှုပျက်ပြားမှုမရှိစေရေး သတိပေးခဲ့သော်လည်း ၎င်းတို့အနေဖြင့် အင်အားအလွန်အကျွံသုံး၍ လုံခြုံရေးစခန်းကို တိုက်ခိုက်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် လုံခြုံရေးအရ ပြန်လည်ဆောင်ရွက်ခဲ့ရကြောင်း။

မိမိအနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၈)နှစ်မြောက်နှစ်ပတ်လည်နေ့၌ မိန့်ခွန်းပြောကြားရာတွင် ဒို့တာဝန်အရေးသုံးပါးကို မထိခိုက်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို လေးစားလိုက်နာမည်ဆိုပါက ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးရန် ပြောကြားပြီးဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဆွေးနွေးသည့်အချိန်တွင် အပြုသဘောဆောင်သည့်ဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် တိုက်ခိုက်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှုထား၍ ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့သော် မိမိတို့အပေါ် တိုက်ခိုက်မှုများ ဆောင်ရွက်လာခြင်းကြောင့် မိမိတို့အနေဖြင့် တန်ပြန်ချေမှုန်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။




ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၆/၂၀၂၃)သို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြစဉ်။

**လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး ကြပ်မတ်ဆောင်ရွက်**

အစိုးရအဖွဲ့ဆိုသည်မှာ တိုင်းပြည်ကို တိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး ရာထူးများသည် နိုင်ငံရေးရာထူးများဖြစ်ကြောင်း၊ အစိုးရအဖွဲ့ကချမှတ်ပေးသည့် မူဝါဒများ၏ လုပ်ငန်းများကို အသေးစိတ် အကောင်အထည်ဖော်ရာတွင် အစိုးရဌာနမှ ဝန်ထမ်းအဆင့်ဆင့်က အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အစိုးရများအနေဖြင့် ပြောင်းလဲသော်လည်း အစိုးရဝန်ထမ်းများမှာ ပြောင်းလဲခြင်းမရှိကြောင်း၊ အစိုးရသက်တမ်းတစ်ခုတွင် ဆောင်ရွက်ခဲ့သည့် စီမံကိန်းနှင့် လုပ်ငန်းများအားလုံးကို မှတ်တမ်းတင်ထားပြီး ဝန်ကြီးဌာနအသီးသီးမှ ဌာနဆိုင်ရာ ဝန်ထမ်းများက အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

နောက်ထပ်တက်လာမည့် အစိုးရအဖွဲ့အနေဖြင့်၎င်းတို့၏မူဝါဒများနှင့်ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ရှေ့အစိုးရအဆက်ဆက်မှ ဆောင်ရွက်ခဲ့သည့် စီမံကိန်းများနှင့် လုပ်ငန်းရပ်များ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အစိုးရသက်တမ်းတစ်ခု၌ နိုင်ငံတကာနှင့် ပတ်သက်သည့် စာချုပ်များ၊ ကတိကဝတ်များ၊ သဘောတူညီချက်များရှိမည်ဖြစ်ကြောင်း၊ ၎င်းကို နောက်တက်လာမည့် အစိုးရကလည်း ၎င်းတို့၏မူဝါဒနှင့် ကိုက်ညီလျက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရကြောင်း၊ ဆောင်ရွက်မှု ရှိ/မရှိဆိုသည်ကို တည်ဆဲအစိုးရက တာဝန်ယူ၊ တာဝန်ခံရကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် ပြီးခဲ့သည့်အစိုးရနှင့် အစိုးရအဆက်ဆက်မှ ဆောင်ရွက်ခဲ့သည့် စီမံကိန်းများကိုအခြေခံ၍ တတ်နိုင်သမျှ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အကြောင်းကြောင်းကြောင့် ရပ်တန့်နေရသည့် စီမံကိန်းနှင့်လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆောင်ရွက်နေသည့် စီမံကိန်းများနှင့် လုပ်ငန်းရပ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ပြန်လည်စိစစ်၍ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အချို့စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေနှင့်မူဝါဒများနှင့် ညီညွတ်မှုမရှိဘဲ ဆောင်ရွက်နေခြင်းကြောင့် တာဝန်ရှိသူများကို အရေးယူဆောင်ရွက်ရခြင်းများရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စနစ်တကျရှိစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

**မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်စေရန်အတွက် မရရအောင် လုပ်မည်ဆိုသည့် စိတ်မွေး၍ ဆောင်ရွက်**

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်သည့်နိုင်ငံတစ်ခုဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ အဓိကအားဖြင့် စိုက်ပျိုးရေးတွင် စပါး၊ ပဲ၊ ပြောင်းနှင့် ဆီထွက်သီးနှံများ၊ နှစ်ရှည်ပင်များဖြစ်ကြသည့် ကော်ဖီနှင့် ရော်ဘာစိုက်ပျိုးခြင်းများ၊ မွေးမြူရေးတွင် အဓိကစားသုံးကြသည့် ကြက်၊ ဝက်၊ အမဲ၊ ဆိတ်နှင့် ငါးများကို နိုင်ငံအတွင်း မွေးမြူနိုင်ကြောင်း၊ ၂၀၁၉ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်တွင် နေထိုင်ကြပြီး တစ်နိုင်ငံလုံး လူဦးရေ၏ ၄၅ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်သဖြင့် မိမိတို့နိုင်ငံ၏စီးပွားရေးကို အဓိကမောင်းနှင်နေသူများဖြစ်ပြီး ၎င်းတို့၏ကုန်ထုတ်လုပ်မှုများကို မြှင့်တင်ဆောင်ရွက်ပေးရန်လိုကြောင်း။

စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များဖြင့် စက်မှုထုတ်ကုန်များကို ထုတ်လုပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာ ကုန်ပစ္စည်းရောင်းဝယ်မှုများ ဖြစ်ပေါ်လာမည် ဖြစ်ကြောင်း၊ သို့မှသာ ဆက်စပ်နီးနွှယ်နေသော ဝန်ဆောင်မှုလုပ်ငန်းများ၊ ငွေရေးကြေးရေး လုပ်ငန်းများဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး နိုင်ငံတော်အနေဖြင့် အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး အားပေးဆောင်ရွက်ခြင်းနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ပေးပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အဆိုပါလုပ်ငန်းများ တိုးတက်အောင်မြင်မှုရှိ/မရှိ ပြန်လည်သုံးသပ်၍ဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိမှုရှိ/မရှိ၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်မှု ရှိ/မရှိ ချိန်ထိုးသုံးသပ်ဆောင်ရွက်ကြည့်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ”** “Keep Moving Forward To Achieve Our Goal” ဆိုသည့်အတိုင်း နိုင်ငံစီးပွား တိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများ အောင်မြင်စေရန်အတွက် မရရအောင် လုပ်မည်ဆိုသည့်စိတ်မွေး၍ ဆောင်ရွက်သွားမည်ဆိုပါက မျှော်မှန်းသည်ထက် ပိုမိုတိုးတက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

စပါးစိုက်ပျိုးမှုနှင့် ပတ်သက်၍ ၂၀၂၂-၂၀၂၃ ခုနှစ် မိုးတွင်းကာလတွင် တစ်နိုင်ငံလုံး လယ်စပါးစိုက်ပျိုးမှုအနေဖြင့် စိုက်ပျိုးဧက ၁၃ ဒသမ ၁၇ သန်း စိုက်ပျိုးခဲ့ပြီး ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၇၄ ဒသမ ၈၃ ရာခိုင်နှုန်းသာရှိခဲ့ကြောင်း၊ မိုးစပါးစိုက်ပျိုးမှု ပန်းတိုင်အထွက်နှုန်းမှာ တစ်ဧကလျှင် တင်း ၁၀၀ ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး လယ်စိုက်ပျိုးမှု၊ တောင်ယာနှင့် အခြားမြေများ၌စပါးစိုက်ပျိုးမှုများ အပါအဝင် စုစုပေါင်းစပါး စိုက်ပျိုးမှု မှာ ၁၄ ဒသမ ၉ သန်းရှိပြီး ပျမ်းမျှအထွက်နှုန်းအနေဖြင့် ၇၃ ဒသမ ၁၁ သန်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း(၄)မျိုးကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးအထွက်နှုန်းများ ကောင်းမွန်မည်ဖြစ်ကြောင်း၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးရန်လိုကြောင်း၊ မြေပြုပြင်ရာတွင်လည်း စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုပြီး လိုအပ်သည့် မြေဩဇာများ ရရှိရေးအတွက်လည်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို စနစ်တကျ အသုံးပြုရန်လိုကြောင်း။

**စာမျက်နှာ ၄ သို့** ☆

☆ **နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်**

☆ **စိုက်ပျိုးရေးလုပ်ငန်းများ ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိမှုရှိ/မရှိ၊ မွေးမြူရေးလုပ်ငန်းများတိုးတက်အောင်မြင်မှု ရှိ/မရှိ ချိန်ထိုးသုံးသပ်ဆောင်ရွက်ကြည့်ရန်လို**

☆ **မိမိတို့အနေဖြင့်“ရှေ့သို့ချီမည် ပန်းတိုင်ဆီ”** “Keep Moving Forward To Achieve Our Goal” **ဆိုသည့်အတိုင်း နိုင်ငံစီးပွားတိုးတက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်**

☆ **ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်စေရန်အတွက် မရရအောင် လုပ်မည်ဆိုသည့်စိတ်မွေး၍ ဆောင်ရွက်သွားမည်ဆိုပါက မျှော်မှန်းသည်ထက် ပိုမိုတိုးတက်အောင်မြင်နိုင်မည်**

☆ စာမျက်နှာ ၃ မှ

မိမိတို့ တာဝန်ယူဆောင်ရွက်နေသည့် နှစ်များအတွင်း မိုးတွင်းကာလများ၌ စိုက်ပျိုးရေးကို ထိခိုက်စေနိုင်သည့် ရေပြတ်လပ်မှုများ မရှိခဲ့ကြောင်း၊ မြေအနေဖြင့်လည်း ပြောစရာမရှိကြောင်း သို့သော်စိုက်နည်းစနစ်များ မှန်ကန်စွာဖြင့် ကောက်ကွက်များ ပြည့်မီအောင်စိုက်ပျိုးရန်လိုကြောင်း၊ ကြဲပက်၍ စိုက်ပျိုးမည့်အစား အနည်းဆုံးတိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စိုက်ပျိုးမှုများ အောင်မြင်တိုးတက်အောင် ဆောင်ရွက်နိုင်မှသာ GDP များ တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဒေသတွင်းနိုင်ငံများ၌ GDP နည်းပါးကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ယင်းကိုအခြေခံသည့် MSME များ အောင်မြင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

**လုပ်ငန်းများအောင်မြင်စေရေး စနစ်တကျဖြင့်ဆောင်ရွက်**

လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့် အညီချင့်ချိန်ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ လုပ်ငန်းများ ကြန့်ကြာမှုမရှိစေရေး တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် Check၊ Recheck၊ Counter Check ဖြင့် စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ နေ့စဉ် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို Check List များထား၍ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နှင့်နီးနွယ်နေသည့် လုပ်ငန်းရပ်များ အောင်မြင်စေရေး လူတိုင်းတွင် တာဝန်ရှိကြောင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းများရှိရန်လည်း လိုကြောင်း။

ဘဏ္ဍာရေးနှစ်အလိုက် စီမံကိန်းများ ရေးဆွဲ ဆောင်ရွက်လျက်ရှိကြောင်း၊ စီမံကိန်းများ ရေးဆွဲရာတွင် အမှန်တကယ် အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် စီမံကိန်းများကိုသာ ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ အကြောင်းကြောင်းကြောင့် အကောင်အထည်ဖော်နိုင်ခြင်း မရှိပါက နိုင်ငံတော်အတွက် နစ်နာမှုများစွာ ဖြစ်ပေါ်စေနိုင်ကြောင်း၊ ထို့အပြင် ဝန်ကြီးဌာနများအတွင်း ရာထူးခန့်ထားခြင်း၊ ပြောင်းရွှေ့ခြင်း၊ လုပ်ငန်းများ ခွင့်ပြုပေးခြင်းများနှင့်ပတ်သက်၍ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း ဥပဒေများကို ကျော်လွန်ဆောင်ရွက်ခြင်းမပြုရန် လိုကြောင်း။

> ❖ **လုပ်ငန်းများ ဆောင်ရွက်ရာတွင် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများနှင့်အညီ ချင့်ချိန် ဆောင်ရွက်**
>
> ❖ **လုပ်ငန်းများ ကြန့်ကြာမှုမရှိစေရေး တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်သွားရန်၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်** Check၊ Recheck၊ Counter Check **ဖြင့် စနစ်တကျဆောင်ရွက်**
>
> ❖ **နေ့စဉ် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို** Check List **များထား၍ ဆောင်ရွက်**
>
> ❖ **မိမိတို့နှင့်နီးနွယ်နေသည့် လုပ်ငန်းရပ်များ အောင်မြင်စေရေး လူတိုင်းတွင် တာဝန်ရှိ၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများ ရှိရန်လည်းလို**

လုပ်ငန်းများ အောင်မြင်တိုးတက်မှု ရှိစေရေး အမှန်တကယ်အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်ရေး ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြီးခဲ့သည့်စီမံကိန်းများကို ပြန်လည်သုံးသပ်ကြည့်သည့်အခါတွင် မိမိတို့လူမျိုးများအနေဖြင့် အမှန်တကယ် အလုပ်လုပ်ရန်လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ အစိုးရအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဥပမာအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မြေကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ သီးထပ်စွမ်းအားများ တိုးတက်လာမည်ဆိုပါက ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ပြီး ဝင်ငွေများပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် ရေရရှိရေး နိုင်ငံတော်မှ ဖြည့်ဆည်း ဆောင်ရွက်ပေးသကဲ့သို့ သက်ဆိုင်သည့် တာဝန်ရှိသူများအနေဖြင့်လည်း နည်းလမ်းများရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု မရှိခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာ ထိခိုက်စေလျက်ရှိကြောင်း၊ ထို့ကြောင့် ထိုက်သင့်သည့် တိုးတက်မှုများရရှိရန်အတွက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အစိုးရကချမှတ်ထားသည့် မူဝါဒများကို အောင်မြင်အောင်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နိုင်ငံတော်ဘဏ္ဍာငွေရရှိရေးနှင့်ပတ်သက်၍ အခွန်ကောက်ခံရာတွင် အခွန်နှုန်းထားကို တိုးမြှင့်ကောက်ခြင်းမရှိဘဲ ရသင့်ရထိုက်သည့် အခွန်နယ်ပယ်ကို ချဲ့ထွင်၍ ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သည့်အတွက် အခွန်ရရှိမှုတိုးတက်လာသည်ကို တွေ့ရကြောင်း၊ အခွန်နှင့်ပတ်သက်ပြီး တာဝန်ရှိသည့် ဝန်ကြီးဌာနများအနေဖြင့်လည်း နိုင်ငံတော်က ရသင့်ရထိုက်သည့် အခွန်အခများကို ပြည့်ပြည့်ဝဝရရှိအောင် ကောက်ခံပေးရန်လိုကြောင်း။

ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ သဘာဝပတ်ဝန်းကျင်အပေါ် မှုတည်ပြီး ထုတ်လုပ်ရသည့်လုပ်ငန်းနှင့် သဘာဝပတ်ဝန်းကျင်အပေါ် မထိခိုက်စေဘဲ ထုတ်လုပ်၍ရသည့် လုပ်ငန်းနှစ်မျိုးရှိကြောင်း၊ သဘာဝပတ်ဝန်းကျင်အပေါ် မူတည်၍ ထုတ်လုပ်ရသည့် သယံဇာတပစ္စည်းထုတ်လုပ်မှုများသည် သတိထားရပြီး နိုင်ငံတကာတွင်လည်း ကန့်သတ်ချက်များဖြင့် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်မှုမရှိဘဲ ထုတ်လုပ်ရနိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်ပစ္စည်းများအပေါ် အခြေခံပြီး ဆောင်ရွက်သည့် စက်ရုံများနှင့် ဝန်ကြီးဌာနပိုင် စက်ရုံ၊ အလုပ်ရုံများရှိကြောင်း၊ ယင်းစက်ရုံ၊ အလုပ်ရုံ၊ လုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုများကို အကောင်းဆုံးဖြစ်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုကြောင်း။

မျိုးဆက်သစ်များကို အမွေပေးနိုင်ရန်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိစေရန်၊ ဗလငါးတန်ကောင်းမွန်ပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းလိုစိတ်ရှိလာစေရန် အဓိကရည်ရွယ်ပြီး အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ပြန်လည်ကျင်းပပေးခဲ့ပါကြောင်း၊ ယခုအောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို မိမိကိုယ်တိုင် အလေးထား တက်ရောက်အားပေးခဲ့ပါကြောင်း၊ အမျိုးသားရေးအရ ဆောင်ရွက်ရမည့် ပွဲကြီးဖြစ်သဖြင့် လူအား၊ ငွေအား၊ အချိန်အား များစွာစိုက်ထုတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ အမျိုးသားရေးအရ ဆောင်ရွက်ရသည့်ပွဲကြီးကို အားလုံးဝိုင်းဝန်းအားပေး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော် ပျဉ်းမနားမြို့နယ် ပြည်ထောင်ကိုးအုပ်စု ဆောင်တောင်ကြီးကျေးရွာ၌ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ရောက်ရှိနေသည့် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ထောက်ပံ့ရေးပစ္စည်းများ၊ ပန်းခင်းစီမံချက်အရဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်သည်။

ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့်အဖွဲ့သည် ဆောင်တောင်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ရောက်ရှိပြီး အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား စားသောက်ဖွယ်ရာများ ဝေမျှ၍ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ စာပေသင်ကြားသင်ယူနေမှု အခြေအနေကို မေးမြန်းပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးစီးသည့်အဖွဲ့သည် ကျေးရွာအဝင်လမ်းနှင့် ရွာလယ်လမ်းမကို ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးစီးသည့်အဖွဲ့သည် ဆောင်တောင်ကြီးကျေးရွာ ရွာဦးကျောင်း၌ ဆောင်တောင်ကြီးကျေးရွာ၊ ပြဒါးချောင်းကျေးရွာ၊ မြသီတာကျေးရွာနှင့် ပြည်ရတနာကျေးရွာများမှ အုပ်ချုပ်ရေးမှူး၊ ကျေးရွာခွဲတာဝန်ခံများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူလူထုတို့နှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ်နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ပွင့်လင်းစွာတင်ပြကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်း လုံခြုံရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာဌာနအလိုက် ဆောင်ရွက်ပေးလျက်ရှိသော လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆောင်တောင်ကြီး ကျေးရွာအုပ်စုမှ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ကျောင်းသား ကျောင်းသူများအတွက် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ သုတ၊ ရသစာအုပ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ ဆေးဝါးများနှင့် ပန်းခင်းစီမံချက်(၂)ဖြင့် ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်ရာ သက်ဆိုင်ရာကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာခွဲ တာဝန်ခံများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးများနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများက မိမိတို့ဒေသအတွက် ဆောင်ရွက်ပေးစေလိုသည့် လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြပြီး ဆောင်တောင်ကြီးကျေးရွာ ဒေသခံတိုင်းရင်းသားပြည်သူလူထုကိုယ်စား ဦးအောင်မင်းသူက ကျေးဇူးတင်စကားပြောကြားကာ နေပြည်တော်ကောင်စီအဖွဲ့ဝင်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ထို့ပြင် နေပြည်တော်ကုသရေးဦးစီးဌာန နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးလက်နေပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လမ်းဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆောင်တောင်ကြီးကျေးရွာ ရွာလယ်လမ်းအား ကွန်ကရစ်လမ်းခင်းရန် တိုင်းတာခြင်းများ ဆောင်ရွက်ကြပြီး ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက်(၂)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**သတင်းစဉ်**

# (၁၀)ကြိမ်မြောက် ပေကျင်း ရှန်ကျန်းဖိုရမ်သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၀)ကြိမ်မြောက် ပေကျင်းရှန်ကျန်းဖိုရမ် (10th Beijing Xiangshan Forum) သို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ကြသည်။



**သီးသန့်တွေ့ဆုံပွဲ**

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်းယိုရှား ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံ သီးသန့်တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး တွေ့ဆုံပွဲ၌ ဗိုလ်ချုပ်ကြီး ကျန်းယိုရှားက တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးသည် ယခင်ကထက် ပိုမိုတိုးတက်ခိုင်မာလာလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တိုးတက်လာစေရေး အတွက် တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ကူညီပေးသွားမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများတွင် လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့အတွက် မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့်အတူ ဆောင်ရွက်သွားမည်ဟုလည်း မျှော်လင့်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် မဟာဗျူဟာမြောက် အပြန်အလှန် ယုံကြည်မှုကို နက်ရှိုင်းအောင် ဆောင်ရွက်ရန် အသင့်ရှိကြောင်း၊ နယ်ပယ်အသီးသီး၌ လက်တွေ့ပူးပေါင်း ဆောင်ရွက်မှုများကို အားကောင်းအောင် လုပ်ဆောင်ရေးနှင့် မြန်မာ့တပ်မတော်နှင့် အဆင့်မြင့် ဆက်ဆံရေးများကို ထိန်းသိမ်းထားရန်တို့ကို လုပ်ဆောင်ရန် အသင့်ဖြစ်နေကြောင်း ပြောကြားခဲ့သည်။

ဒုတိယ ဝန်ကြီးချုပ်ကလည်း နှစ်နိုင်ငံတပ်မတော်ချင်း ဘက်စုံပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်အတွက် တရုတ်ပြည်သူ့ လွတ်မြောက်ရေး တပ်မတော်နှင့်အတူ ဆက်လက်ဆောင်ရွက်သွားလိုပါကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပေါ် မြန်မာ့တပ်မတော်အနေဖြင့် အထူး အလေးထားပါကြောင်း၊ နယ်စပ်ဒေသ တည်ငြိမ်ရေးအား ထိန်းသိမ်းထားနိုင်ရေးအတွက် နှစ်နိုင်ငံတပ်မတော်များအကြား အပြန်အလှန် သတင်းဖလှယ်ရေးကိုလည်း မြှင့်တင်လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ် အဖွဲ့သည် အောက်တိုဘာ ၃၀ ရက်တွင် ပေကျင်းနိုင်ငံတကာ ကွန်ဗင်းရှင်းစင်တာ (Beijing International Convention Center– BICC)တွင် ကျင်းပသော (၁၀)ကြိမ်မြောက် ပေကျင်းရှန်ကျန်းဖိုရမ် ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဖွင့်ပွဲ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်းယိုရှားက အဖွင့်မိန့်ခွန်း ပြောကြားခဲ့သည်။ ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် "နိုင်ငံကြီးများ၏ တာဝန်များနှင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု" (Major Countries' Responsibility and Global Security Cooperation) ဆွေးနွေးပွဲ၊ "ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခန်းကဏ္ဍ" (The Role of Developing Countries in Global Security) ဆွေးနွေးပွဲနှင့် "ဒေသတွင်း လုံခြုံရေးပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍတွင် အာဆီယံ၏ဗဟိုကျမှု" (ASEAN Centrality in Regional Security Cooperation Architecture) ဆွေးနွေးပွဲများသို့ ပါဝင် တက်ရောက်ခဲ့ကြသည်။

**တက်ရောက်**

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းတွင် ပေကျင်းနိုင်ငံတကာ ကွန်ဗင်းရှင်းစင်တာ (Beijing International Convention Center–BICC) ၌ ကျင်းပသည့် "ကမ္ဘာ့ငြိမ်းချမ်းရေး ကြာရှည်စွာတည်တံ့ခိုင်မြဲရေးအတွက် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးစီမံလုပ်ဆောင်မှုများအား ပူးတွဲဖော်ဆောင်ခြင်း" (Jointly Implementing the Global Security Initiatives for Lasting Peace and Security of the World) ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် အောက်တိုဘာ ၃၁ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံးသို့ သွားရောက်ခဲ့ပြီး မြန်မာသံရုံးနှင့် မြန်မာစစ်သံရုံးတို့မှ ဝန်ထမ်းများနှင့် မိသားစုဝင်များအား သွားရောက်တွေ့ဆုံ နှုတ်ဆက်ခဲ့ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

အဆိုပါ (၁၀)ကြိမ်မြောက် ပေကျင်းရှန်ကျန်း ဖိုရမ်အား တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၊ တရုတ်နိုင်ငံစစ်ဘက်သိပ္ပံပညာအဖွဲ့ (China Association of Military Science –CAMS)နှင့် တရုတ်နိုင်ငံ နိုင်ငံတကာ မဟာဗျူဟာလေ့လာရေးအဖွဲ့ (China Institute of International Strategic Studies–CIISS)တို့က ပူးတွဲကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ အာရှ၊ ဥရောပ၊ အာဖရိက၊ လက်တင်အမေရိကဒေသများရှိ နိုင်ငံပေါင်း ၆၂ နိုင်ငံမှ ကာကွယ်ရေးဝန်ကြီးများ၊ နိုင်ငံတကာ တပ်မတော်များမှ အဆင့်မြင့်အရာရှိကြီးများအပြင် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် အာဆီယံ၊ ဥရောပသမဂ္ဂ၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့များ စသည့် နိုင်ငံတကာအဖွဲ့အစည်း ခြောက်ခုမှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Nong Rong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၂**

အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Nong Rong ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲ ၃နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

**ရှင်းလင်းပြသ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို အောင်ဆန်းအားကစားပြိုင်ဝင်း၏ လက်ရှိအခြေအနေကို ရှင်းလင်းပြသသည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက အောင်ဆန်းအားကစားပြိုင်ဝင်း၏ သမိုင်းကြောင်းအကျဉ်း၊ လက်ရှိအခြေအနေနှင့် အသစ်ပြုပြင်တည်ဆောက်ရန် အတွက် လျာထားချက်များ၊ တရုတ်နိုင်ငံမှ ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးအဖွဲ့နှင့် ပေါင်းစပ်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**ပြန်လည်တည်ဆောက်သွားလို**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အောင်ဆန်းအားကစားပြိုင်ဝင်း အသစ်ပြန်လည်တည်ဆောက်ရန် မြန်မာနိုင်ငံမှ ဆောက်လုပ်ရေး ဝန်ကြီးဌာန ကျွမ်းကျင်ပညာရှင်များနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ အကောင်းဆုံး ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ဂုဏ်ပြုတည်ဆောက်ထားသည့် အောင်ဆန်းအားကစားပြိုင်ဝင်းကို နိုင်ငံတကာအဆင့်မီ အားကစားကွင်းအဖြစ် ပြန်လည်တည်ဆောက်သွားလိုကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Nong Rong က တရုတ်-မြန်မာ နှစ်နိုင်ငံသည် အလွန်ချစ်ခင်ရင်းနှီးသော ဆွေမျိုးပေါက်ဖော် နိုင်ငံများ ဖြစ်သည့်အတွက် အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်သည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်သို့ သွားရောက်၍ အမျိုးသား ရေကူးကန်နှင့် ပရိသတ် ၄၀၅ ဦး ဝင်ဆံ့သည့် အာရ်စီနှစ်ထပ် ပွဲကြည့်စင် အသစ် တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများ၏ တင်ပြမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက ဒံပေါက်ဘူးများပေးပို့လှူဒါန်း





**နေပြည်တော် နိုဝင်ဘာ ၂**


အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းလျက်ရှိသည့် အပြင် စေတနာရှင်ပြည်သူများက ဒံပေါက်ဘူးများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင် စေတနာရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါစေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများကို ရန်ကုန်မြို့မှ တစ်ဆင့် လားရှိုးမြို့သို့တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစေကြောင်း၊ တရားသောစစ် အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရသည်။

အဆိုပါ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ရောက်ရှိလာသည့် ဒံပေါက်ဘူးများအား တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



သို့/

ရှေ့တန်းစစ်မြေပြင်ရောက် တပ်မတော်သားများရှင့်။

တိုင်းပြည်နှင့်လူမျိုးအတွက် တိုက်ပွဲဝင်နေကြတဲ့ တပ်မတော်သားများဟာ ကျွန်မတို့အတွက်တော့ ဂုဏ်ယူမဆုံး၊ လေးစားအားကျရတဲ့ စစ်သည်တော်တွေပါ။ တိုင်းပြည်ပျက်စီးအောင် အမျိုးမျိုးလုပ်ဆောင်နေကြတဲ့ရန်သူတွေကို ရဲဝံ့စွန့်စားပြီး တိုက်ထုတ်ရှင်းလင်းပေးနေကြတဲ့ တပ်မတော်သားတွေဟာ တိုင်းပြည်အတွက် အဖိုးတန်ရတနာတွေပါ။ ဘယ်အရာနဲ့မှ နှိုင်းယှဉ်လို့မရတဲ့ဂုဏ်ပုဒ်တွေနဲ့ ပြည့်စုံလွန်းလှတဲ့ တပ်မတော်သားတွေရဲ့ဖြူစင်စိတ်ထားကြောင့် တိုင်းပြည်အမြန်ဆုံးအေးချမ်းတည်ငြိမ်ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ပျော်ရွှင်စွာလက်တွဲသွားနိုင်ဖို့ မျှော်လင့်ပါတယ်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်။ တိုင်းပြည်အင်အားရှိအောင် စွမ်းဆောင်ပေးနေတဲ့ တပ်မတော်သားများကို ကျေးဇူးအထူးတင်ပါတယ်။ တရားသောစစ် အောင်မြင်ပြီး ပျော်ရွှင်ချမ်းမြေ့စွာနဲ့မိသားစုများ ပြန်လည်ဆုံစည်းနိုင်ကြပါစေ။ တပ်မတော်သားများနည်းတူ နောက်တန်းတစ်နေရာတွင်လည်း တပ်မတော်ဘက်မှ ရပ်တည်ထောက်ခံနေကြတဲ့ ပြည်သူပြည်သားများလည်းရှိပါတယ်။ တိုင်းပြည်အတွက် ကိုယ်ကျိုးစွန့်တိုက်ပွဲဝင်နေကြတဲ့ တပ်မတော်သားအပေါင်း တရားသောစစ် အောင်နိုင်ပြီး တိုက်ပွဲမှန်သမျှ အောင်နိုင်ကြပါစေ။


စန္ဒာ



တိုက်ပွဲတွင်း အောင်မြင်ပါစေ

Fighting

Helianthus



ရှမ်းပြည်နယ် မြောက်ပိုင်းတွင်

တာဝန်ထမ်းဆောင်နေသော

တပ်မတော်သားများအား





# မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့မှ နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ ငွေကျပ် ၁၅ သိန်းလှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော်ရှိကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ နားခိုလျက်ရှိကြသော တပ်မတော်သား အငြိမ်းစားများနှင့်မိသားစုဝင်များအတွက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း (အငြိမ်းစား)နှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာသို့ ငွေကျပ် ၁၅ သိန်းကို သွားရောက်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း (အငြိမ်းစား)က တပ်မတော်သားဖြစ်ခဲ့သူတစ်ဦးအနေဖြင့် သက်ကြီးရွယ်အို စစ်မှုထမ်းဟောင်းများအား ယခုကဲ့သို့ စောင့်ရှောက်နေသည့် မွန်မြတ်လှသော ပရဟိတလုပ်ငန်းကြီး ဖြစ်တည်လာရခြင်းကို အလွန်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် စွန့်လွှတ်စွန့်စားသူများ၏ကွန်းခိုရာ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာ၏ အစွန့်ရှည်တည်မြဲရေးအတွက် ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လှူဒါန်းငွေများအား မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း(အငြိမ်းစား)က ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်သိန်းထွန်း(အငြိမ်းစား)ထံသို့ ပေးအပ်လှူဒါန်းပြီး တာဝန်ရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားရေတပ်မှ စစ်ရေယာဉ်များ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရန်ကုန်မြို့သို့ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

ရုရှားရေတပ်မှ ဖျက်သင်္ဘော(Destroyer)များဖြစ်သည့် စစ်ရေယာဉ် Admiral Tributs၊ Admiral Panteleev နှင့် Sea Tanker Pechenga တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ပထမအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ရောက်ရှိရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ စစ်သည်များ၊ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များတွင် အဖွဲ့ခေါင်းဆောင်အဖြစ် ရုရှားရေတပ် Russian Pacific Fleet မှ Captain 1st Rank Aleksei Anciferov ဦးစီး၍ အရာရှိ၊ စစ်သည်စုစုပေါင်း ၈၀၀ ခန့် လိုက်ပါလာပြီး ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများ ပြုလုပ်ခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်း(Harbour Phase) ဆောင်ရွက်ခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ဂုဏ်ပြုပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂

အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ လာရောက် ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

**ပေးအပ်**

ထိုသို့ပေးအပ်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။ ထို့နောက် စေတနာရှင် အလှူရှင် ၃၅ ဦးက ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၂၁၉၈၄ သိန်းအား ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။ ထို့နောက် စေတနာရှင် အလှူရှင် ၆၉ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၁၁၂၇၃ သိန်း နှစ်သောင်း ငါးထောင့်ခြောက်ရာကို ဂုဏ်ပြုပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို အနောက်တောင် တိုင်းစစ်ဌာနချုပ်ရှိ ဧရာဝတီခန်းမ၌ ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ ထို့နောက် စေတနာရှင် အလှူရှင် ၂၇ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် ၇၈၁ သိန်းကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။ ထို့နောက် စေတနာရှင် အလှူရှင် ၁၃၆ ဦးက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်းငွေကျပ် သိန်း ၆၁၀၀ ကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။




လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပွဲကို ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ၌ ကျင်းပစဉ်။




လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ပွဲကို နေပြည်တော်တိုင်း စစ်ဌာနချုပ်ရှိ အောင်ငြိမ်းအေးခန်းမ၌ ကျင်းပစဉ်။

**တက်ရောက်**

ထို့အတူ မကွေးတိုင်းဒေသကြီးအတွင်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခြင်းကို မကွေးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။ ထို့နောက် စေတနာရှင် အလှူရှင် ၁၃ ဦးက လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀၀ ကို ဂုဏ်ပြုပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တရားသောစစ် အောင်ရမည်

❖ ဒို့ပြည်ထောင်စု ၊ တည်တံ့မှုကို
လဲပြိုစေသည့် ၊
ဒို့တည်ထောင်မှု ၊ ခိုင်မာမှုကို
ယိုယွင်းစေသည့် ၊
ခြေထိုးနှောင့်ယှက် ၊ ကျူးဝင်ဖျက်သော်
**လေ့ခွက်ချည်း ကျန် ၊ မလျှော့မာန် နှင့်**
**အလံ မလှဲ ၊ သတ္တိ ဖွဲ့** နှင့်
ကျူးလည်း မခံ ၊ မာန်လည်း မကြောက်
ခြောက်လည်း မလန့် ၊ ဟန့်လည်း မဖယ်
ဆွယ်လည်း မလိုက် ၊ တိုက်လည်း မဆုတ်
ကျားကုတ် ကျားခဲ ၊ အားကုန် နွဲ့လျက်
တုံးပဲ တိုက်တိုက် ၊ ကျား ကိုက်ကိုက်ဟေ့
တိုက်စစ်နီမောင်း ၊ ရဲရင့်ကြောင်းကို
ကောင်းမွေ မော်ကွန်း ရေးထိုးလေ့။
❖ **ဒို့မြေ တစ်လက်မ**
**ဒို့ရေ တစ်စက်မျှ**
**ဒို့လေ မစွက်ရ**
နှလုံးလှဖြင့်
မြန်မာ့မြေပုံ ၊ ကြန်အင်စုံအောင်
သက်ပုံ နှင်းအပ် ဆောင်ကြဉ်းလတ်လေ့။
❖ **သုံးပါးအရေး** ၊ အသက် သွေးမို့
အရေးသုံးပါး ကျူးစော်ကားသည့်
ရန်အားချေဖျက် ၊ **ရဲရဲတက်** ဟေ့
နှောင့်ယှက်ဆီးတား ၊ ရန်စွယ်အားလျှင်
ဖယ်ရှားအစဉ်တစိုက် ၊ **ရဲရဲတိုက်** ဟေ့
မငိုက်ဦးခေါင်း ၊ သွေးသစ်လောင်းလျက်
မပြောင်းမလဲ ၊ မျိုးချစ်ဖွဲ့ဖြင့်
**ရဲရဲချေမှုန်း** ၊ လက်စတုံးဟေ့။
❖ အို .. ပြည်ချစ်ဇာနည် ၊ အောင်စစ်သည်ငဲ့
တိုင်းပြည်အတွက်
အသက်ကို ပေး ၊ အသွေးကို လှူ
သင့်လို လူအတွက်
ကြည်ဖြူ စိတ်ထား ၊ ပြည်သူများက
**တရားသောစစ် အောင်ရမည်**
**မျှတသောစစ် နိုင်ရမည်** ဟု
ခိုင်မာ ယုံကြည် ထားပါသည်။
ဂုဏ်ပြု စောင့်ကြို နေပါသည်။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

**(တရားသောစစ်ပွဲ ဆင်နွှဲနေသည့် တပ်မတော်သားများကို လေးစားဂုဏ်ပြုလျက်)**

**မနက်ဖြန် မိုးတည့်ချိန်အထိ ခန့်မှန်းချက်**

နေပြည်တော် နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် နေရာအနှံ့အပြား၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

# အီလက်ထရောနစ်နည်းပညာကို အသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များတွင် E-Book ထုတ်ဝေစာများ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ ၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေတွင် ထုတ်ဝေစာဆိုသည်မှာ လက်ရေးစာ၊ ပုံနှိပ်စာ၊ အီလက်ထရောနစ်နှင့် အခြားနည်းပညာတစ်ရပ်ရပ်ဖြင့် ဖန်တီး၍ ထုတ်ဝေလိုက်သည့် စာတို့အပြင် ယင်းတို့နှင့် အမျိုးအစားတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ ထင်ရှားမြင်သာသော ပုံသဏ္ဌာန်ရှိသည့်အရာ သို့မဟုတ် ပုံအားဖြင့်သော်လည်းကောင်း၊ သဏ္ဌာန်အားဖြင့်သော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့်သော်လည်းကောင်း စကားလုံးများကိုဖြစ်စေ၊ အတွေးအခေါ်များကိုဖြစ်စေ သိရှိစေနိုင်သည့်အရာများနှင့် သတင်းစာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်များကိုဆိုသည်ဟု လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၅ တွင် မည်သူမျှ သက်ဆိုင်ရာလုပ်ငန်းအသိအမှတ်ပြု လက်မှတ်မရှိဘဲ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း သို့မဟုတ် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

၂။ ယခုအခါ အီလက်ထရောနစ်နည်းပညာကိုအသုံးပြု၍ Digital Platform ဖြစ်သော Mobile Application နှင့် Website များ တည်ထောင်၍ E-Book ထုတ်ဝေစာများအား ထုတ်ဝေဖြန့်ချိလျက်ရှိသည်ကို တွေ့ရှိရပြီး ၎င်း E-Book ထုတ်ဝေစာများသည် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပါ ထုတ်ဝေစာအဓိပ္ပာယ် ဖွင့်ဆိုချက်တွင် အကျုံးဝင်ပါသဖြင့် သက်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ဖြစ်၍ Digital Platform အသုံးပြုကာ Application နှင့် Website များတည်ထောင်၍ E-Book များ ထုတ်ဝေဖြန့်ချိဆောင်ရွက်နေသူများအနေဖြင့် ဥပဒေပုဒ်မ ၁၅ နှင့်အညီ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ရယူဆောင်ရွက်ရန်၊ မိမိတို့၏ထုတ်ဝေစာများသည် ပုဒ်မ ၈ ပါစည်းကမ်းချက်များနှင့်အညီ ရေးသားထုတ်ဝေဆောင်ရွက်ရန်နှင့် နည်းဥပဒေ ၁၅(ခ)နှင့်အညီ E-Book Soft Copy (၅)အုပ်/ (၅)စောင်ကို မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးအပ်ရန် လိုအပ်ပါကြောင်းနှင့် လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## တိုင်းဒေသကြီးကိုယ်စားပြု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်

ပုသိမ် နိုဝင်ဘာ ၂

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးဗဟိုအဆင့်ပြိုင်ပွဲဝင် တိုင်းဒေသကြီးကိုယ်စားပြုအသင်းနှင့် ဆုရရှိသူများအားဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမတွင် ပြုလုပ်သည်။ ဦးစွာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။

ထို့နောက် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူးနှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးဗဟိုအဆင့် ပြိုင်ပွဲဝင် တိုင်းဒေသကြီးကိုယ်စားပြုအသင်းအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် အခြေခံပညာ (၁၅-၂၀)အဆင့် အဆိုပြိုင်ပွဲ ခေတ်ဟောင်းကာလပေါ် (ပထမ)၊ မဟာဂီတ(တတိယ)၊ အတီးပြိုင်ပွဲ ဂီတာ (ပထမ)၊ စောင်း(တတိယ) စုစုပေါင်း ရွှေတံဆိပ်နှစ်ဆုနှင့် ကြေးတံဆိပ်နှစ်ဆု ရရှိသူ မအေးသန္တာစိုး၏ ဆုရသီချင်းဖြင့် သီဆိုဖျော်ဖြေမှုအား လည်းကောင်း၊ အခြေခံပညာ (၁၅-၂၀)အဆင့် အတီးပြိုင်ပွဲ စန္ဒရားတွင် ပထမဆု (ရွှေတံဆိပ်) ဆုရရှိသူ မကေဇော်ရှင်းသန့်၏ ဆုရသီချင်းဖြင့် တီးခတ်ဖျော်ဖြေမှုအားလည်းကောင်း၊ အခြေခံပညာ (၁၀-၁၅) အဆင့်အတီးပြိုင်ပွဲ ဂီတာတွင် ပထမ(ရွှေတံဆိပ်) ဆုရရှိသူ မရွှန်းလဲ့မေ၏ ဆုရရှိခဲ့သည့်သီချင်းဖြင့် တီးခတ်ဖျော်ဖြေမှုအားလည်းကောင်း၊ အတီးပြိုင်ပွဲ ဒုံမင်းဝါသနာရှင် (ပထမတန်း) တွင် ပထမ(ရွှေတံဆိပ်) ဆုရရှိသူ ဦးမြင့်စိုး၏ ဆုရသီချင်း၊ အခြေခံပညာ(၁၀-၁၅) အဆင့် အတီးပြိုင်ပွဲ ဆိုင်းတစ်ဦးချင်းတွင် ပထမ (ရွှေတံဆိပ်)ဆု ရရှိသူများ၏ တီးခတ်ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင် ၂၄၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ၁၈ ခု၊ ငွေတံဆိပ် ၁၆ ခု၊ ကြေးတံဆိပ် ၂၀ နှင့် နှစ်သိမ့်ဆု နှစ်ဆု စုစုပေါင်းဆုတံဆိပ် ၅၆ ခု ဆွတ်ခူးရရှိခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ဆုရရှိမှုတန်းစီဇယားတွင် တတိယနေရာရရှိခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## (၃၁)ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ် အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဦးစီး၍ (၃၁)ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်ဆွေးနွေးပွဲကို ယမန်နေ့က မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၊ ဘက်စုံသဘာဝဘေးကြိုတင်သတိပေးဗဟိုဌာန (Multi-Hazard Early Warning Center) အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက အဖွင့်အမှာစကား ပြောကြားပြီး သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲရေး ဆောင်ရွက်နေသော ဌာနဆိုင်ရာ ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး ဆောင်ရွက်နေသော ဌာနများ၊ အခြားဆက်စပ်ဌာနများမှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း စုစုပေါင်း ၅၀ ခန့် တက်ရောက်ဆွေးနွေးခဲ့သည်။

(၃၁)ကြိမ်မြောက် အမျိုးသားအဆင့် မုတ်သုံဖိုရမ်တွင် ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအထိ မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ခန့်မှန်းချက်များအား တင်ပြဆွေးနွေးခြင်း၊ စိုက်ပျိုးရေး မိုးလေဝသအခြေအနေနှင့် လာမည့်ဆောင်းရာသီကာလအတွင်း ဖြစ်ပေါ်နိုင်မည့် အယ်လ်နီညို အခြေအနေနှင့် ခန့်မှန်းချက်များအား တင်ပြခြင်း၊ ရာသီအလိုက် ခန့်မှန်းချက်များကို အသုံးပြုသည့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ ပြီးခဲ့သည့် မိုးရာသီကာလအတွင်း ကြုံတွေ့ခဲ့ရသည့် ရာသီဥတုနှင့် မိုးလေဝသဆိုင်ရာ အတွေ့အကြုံများနှင့် သင်ခန်းစာများကို ဆွေးနွေးခြင်းနှင့် ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းရာသီကာလအတွက် ခန့်မှန်းချက်များကို အသုံးပြု၍ ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။



**MDN**



## ငွေဆောင်မြို့ သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ငွေဆောင် နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေသို့ ပွင့်လင်းရာသီအတွင်း ခရီးသွားဧည့်သည်များ ဝင်ရောက်မှု များပြားလျက်ရှိရာ မြို့စည်ပင်သာယာရေးအဖွဲ့မှ ခရီးသွားဧည့်သည်များ စိတ်အေးချမ်းပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်ရေး၊ ခရီးသွားများကို ဆွဲဆောင်နိုင်သည့် သန့်ရှင်းသာယာလှပသော မြို့ဖြစ်လာစေရေးအတွက် မြို့သန့်ရှင်းသာယာလှပရေး လုပ်ငန်းများအား အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်မှုအား မြို့စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်မင်းဦး၏ ဦးဆောင်မှုဖြင့် မြို့စည်ပင်သာယာရေးအဖွဲ့ဝင်များက မြို့အဝင်ဆိုင်းဘုတ်အား အလှဆင်ခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြို့အဝင်လမ်းမကြီး လမ်းဘေး ဝဲ/ယာအား ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပလက်ဖောင်းများနှင့် မြို့အလှဆင်ထားသော နေရာများအား ဆေးရောင်စုံသုတ်ခြင်း၊ ကမ်းခြေသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခြင်း၊ မြို့အတွင်းရှိ အမှိုက်များအား အမှိုက်သိမ်းကားဖြင့် နေ့စဉ် သိမ်းဆည်းပေးခြင်း၊ ကမ်းခြေဆင်းလမ်းများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## နေပြည်တော်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် မြန်မာ့ကျောက်မျက်လုပ်ငန်းရှင်အသင်းမှ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌက MSME လုပ်ငန်းများကို အားပေးမြှင့်တင်ပေးခြင်းနှင့်ဆန်းသစ်တီထွင်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဆောင်းသီးနှံ၊ နွေစပါးနှင့် နွေသီးနှံများကို လျာထားချက်အတိုင်း ပြည့်ပြည့်ဝဝ စိုက်ပျိုးနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကို Clean City, Green City, Smart City ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ဌာနဆိုင်ရာများအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဒက္ခိဏသီရိစက်မှုဇုန်နှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်နေမှု၊ စိုက်ပျိုးရေးအတွက် ရေရရှိရေးဆောင်ရွက်မည့်အစီအမံများ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အခွန်ကောက်ခံရရှိမှု၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ MSME ပြပွဲများ ခင်းကျင်းပြသနိုင်ရေး ဆောင်ရွက်နေမှု၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ မီနီအိုးဝေပြေးဆွဲဆောင်ရွက်မည့် အခြေအနေ၊ ဆင်သေချောင်းကူးတံတားအနီး ပတ်ဝန်းကျင်ရှိ ကမ်းထိန်းသိမ်းမှုနှင့် သန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောက်မျက်ရတနာများကို ကုန်ကြမ်းအဆင့်မှ ကုန်ချောအဆင့်သို့ ထုတ်လုပ်နိုင်မှု၊ လယ်ယာမြေစိစစ်ဆောင်ရွက်ရေးကိစ္စရပ်များနှင့် မျိုးစပါးထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းက ဒက္ခိဏသီရိ အသေးစား၊ အလတ်စားစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လုပ်ငန်းများ အောင်မြင်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသ



**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ယနေ့တွင် တတိယနေ့အဖြစ် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးကြပြီး မဲပေးစက်၏ထိန်းချုပ်စက် (Control Unit) ကို မဲဆန္ဒရှင်များကိုယ်တိုင် ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်မမှန် စိစစ်ခြင်းတို့ဆောင်ရွက်ကြသည်။

စမ်းသပ်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်များအနေဖြင့် အချိန်တိုအတွင်း မဲပေးစက်ကို နည်းစနစ်တကျ ကိုင်တွယ်နိုင်ပြီး ရိုးရှင်းလွယ်ကူစွာ မဲပေးနိုင်ခြင်း၊ မဲရလဒ်များ တိုက်ဆိုင်စစ်ဆေးရာတွင် မှန်ကန်တိကျမှုရှိခြင်း၊ ပယ်မဲများ မရှိတော့ခြင်း၊ မဲမသမာမှု မပြုလုပ်နိုင်ခြင်း၊ မဲပေးခြင်းမှသည် မဲရေတွက်ခြင်းအထိ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်နိုင်ခြင်းတို့ကို လက်တွေ့သိရှိရသည့်အတွက် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အပေါ် ယုံကြည်သဘောကျ နှစ်ခြိုက်မှုရှိစွာ မဲပေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လက်တွေ့စမ်းသပ်မဲပေးခြင်းအခမ်းအနားများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်များ၊ ဆရာစံရပ်ကွက်၊ အနော်ရထာရပ်ကွက်၊ ကံကြီးကျေးရွာအုပ်စု၊ မကျီးကုန်းကျေးရွာအုပ်စု၊ သပြေချောင်းကျေးရွာအုပ်စု၊ ညောင်ကိုင်းကျေးရွာအုပ်စု၊ ကင်မွန်းတန်းကျေးရွာအုပ်စုနှင့် ရှားတောကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ကော့သောင်းမြို့၌ မီးဘေးနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အသိပညာပေးအခမ်းအနားကျင်းပ

**ကော့သောင်း နိုဝင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင် စာသင်ကျောင်းအခြေပြု မီးဘေးနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေးအသိပညာပေးအခမ်းအနားကို ယနေ့နံနက် ၉ နာရီက မဥ္ဇူသကခန်းမ၌ ကျင်းပသည်။

ဦးစွာ ကော့သောင်းမြို့နယ် စစ်ဗျူဟာ(အခြေချ) ဗိုလ်မှူးကြီး အောင်သက်ဦးက နှုတ်ခွန်းဆက်စကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်မီးသတ်ဦးစီးမှူး ဦးမျိုးသူရဝင်းက သဘာဝဘေးအန္တရာယ်ကျရောက်လာသည့်အခါ ကလေးများမှာ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ဆုံးရှုံးနိုင်ခြေအများဆုံးဖြစ်သောကြောင့် ကလေးများအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများကို ကစားနည်းပုံစံ ပြုလုပ်ပြီး ၎င်းတို့၏မိသားစု၊ သူငယ်ချင်းများနှင့်အတူလေ့လာဆော့ ကစားနိုင်သော စီစဉ်ထားသည့်ကစားနည်းတစ်ခုဖြစ်ကြောင်း၊ ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ်တွင် (Kaeru Caravan )ကစားနည်း ၁၀ မျိုးရှိပြီး ကစားနည်းများဖြင့် အသိပညာပေးရခြင်း၏ရည်ရွယ်ချက်မှာ ကလေးများအား မီးသတ်ဆေးဘူးအသုံးပြုတတ်စေရန်၊ လက်တွေ့မီးငြိမ်းသတ်တတ်စေရန်၊ မိမိကိုယ်တိုင် (သို့မဟုတ်) မိမိပတ်ဝန်းကျင်အား အကူအညီပေးနိုင်ရန်နှင့် မီးနှင့်ပတ်သက်သော ဗဟုသုတများ ရရှိစေရန်၊ မီး၊ လောင်စာနှင့် မီးငြိမ်းသတ်ရေးပစ္စည်းများအား သိရှိနားလည်စေရန်၊ ငလျင်ဘေး၊ ရေဘေး၊ မီးဘေးစသည့် ဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက ကြုံတွေ့နိုင်သည့်အခက်အခဲများကို မိမိတို့ပတ်ဝန်းကျင်ရှိ အရာဝတ္ထုပစ္စည်းကိရိယာများအသုံးပြု၍ အခက်အခဲများကို အောင်မြင်စွာကျော်ဖြတ်နိုင်စေရန်၊ ပို၍လုံခြုံဘေးကင်းစွာ နေထိုင်တတ်စေရန်နှင့် သဘာဝဘေးအန္တရာယ်မဖြစ်ခင်၊ ဖြစ်နေစဉ်နှင့် ဖြစ်ပြီးနောက် အခြေအနေများတွင် မည်သို့ပြုမူဆောင်ရွက်ရမည်ဆိုသော နည်းလမ်းများဖြင့် အသိပညာပေးအစီအစဉ်ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူး ဒေါ်သန်းစိုးက ကော့သောင်းမြို့နယ်အတွင်းရှိ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် မီးသတ်ဦးစီးဌာနမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် များစွာကျေးဇူးတင်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိသူများ ထုတ်ပြန်ကြေညာ

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပသည့် အသိပညာပေး ပိုစတာ၊ ဗီဒီယိုနှင့် စာစီစာကုံးပြိုင်ပွဲများ၌ ဆုရရှိသူများစာရင်းကို ယနေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ထုတ်ပြန်ထားသည်။

အဆိုပါဆုရရှိသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**၂၀၂၃ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ**

ပထမ - မောင်ဖွဲ့ဝေယံထက်၊ ကျွန်းပြားရွာ၊ မင်းဘူး(စကု)မြို့နယ်

ဒုတိယ - မောင်ဟန်သာထွန်း၊ မြို့ဟောင်းရပ်၊ မကွေးမြို့

တတိယ - ဦးသိန်းထိုက်ဇော်နှင့်အဖွဲ့၊ ဒ-၃၀၉၄၁၊ မိုးဝေ(၁၂) လမ်းထောင့်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်

**ဗီဒီယိုပြိုင်ပွဲ**

ပထမ - ဒေါ်ဆုမြလှိုင်၊ ဝန်ထမ်းအိမ်ရာ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ရန်ကုန်မြို့

ဒုတိယ - ဒေါ်နွယ်သဇင်ဖြိုး၊ အမှတ် (၂) တပ်မတော်၊ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ တောင်ညိုမြို့၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်

တတိယ - ဦးလင်းထက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်

**စာစီစာကုံးပြိုင်ပွဲ (အသက် ၁၈ နှစ်နှင့်အောက်)**

ပထမ - မစုစုစံ၊ တိုက်(၇၄)၊အခန်း(၁၄)၊ခရေအိမ်ရာ၊ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

ဒုတိယ - မငြိမ်းအေးသူ၊ အမှတ် (က/၃၉၀)၊ ကမ်းနားလမ်း၊ ဇိုင်း/တောင်၊ ပဲခူးမြို့

တတိယ - မချိုသံလွင်ကို၊ တိုက် (၇၁၀)၊ အခန်း (၁)၊ ပိတောက်အိမ်ရာ၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

**စာစီစာကုံးပြိုင်ပွဲ (အသက် ၁၈ နှစ်နှင့်အထက်)**

ပထမ - ဗိုလ်ကြီးနန်းမေပွင့်ဖူး၊ အမှတ် (၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်၊ မြဝတီရုပ်မြင်သံကြား (မှော်ဘီ)

ဒုတိယ - ဒေါ်သီရိအိန္ဒြာဗိုလ်၊ စစ်ကွင်းမြို့၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

တတိယ - မအေးမြတ်သိင်္ဂီ၊ အမှတ် (၈၀)၊ ရေတာရှည်ကျေးရွာ၊ ဝါးနက်ချောင်းစံပြကျေးရွာအုပ်စု၊ မှော်ဘီမြို့နယ်

**သတင်းစဉ်**

# မိုးကောင်း-မြစ်ကြီးနား-မိုးကောင်း ရထားခရီးစဉ် ပြန်လည်ပြေးဆွဲခြင်း ဖွင့်ပွဲကျင်းပ၊ တစ်လတိတိ အခမဲ့ ပြေးဆွဲပေးမည်

**မြစ်ကြီးနား နိုဝင်ဘာ ၂**

ကချင်ပြည်နယ်အတွက် ပြည်တွင်း ကုန်စည်ပို့ဆောင်ရေးနှင့် ခရီးသွားရေးလုပ်ငန်းတွင် အဓိကအားထားရသော မီးရထားပြေးဆွဲခြင်းကို နှစ်နှစ်ကျော်ကြာ ရပ်နားထားခဲ့ပြီး နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီက မြစ်ကြီးနား – မန္တလေးလမ်းပိုင်းရှိ မိုးကောင်း – မြစ်ကြီးနား – မိုးကောင်း ရထားခရီးစဉ် ပြန်လည်ပြေးဆွဲခြင်း ဖွင့်ပွဲအခမ်းအနားကို မြစ်ကြီးနားဘူတာရုံ၌ ကျင်းပသည်။

**အရေးကြီးဆုံး အခန်းကဏ္ဍဖြစ်**

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ရထားပို့ဆောင်ရေးလုပ်ငန်းသည် အခြေခံလူတန်းစားများ အားထားရသည့် အရေးကြီးဆုံးအခန်းကဏ္ဍဖြစ်သဖြင့် ကချင်ပြည်နယ်အတွက် အရေးပါသည့် လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း၊ ရထားပြေးဆွဲခြင်းအားဖြင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် လွယ်ကူချောမွေ့စေသည့်အပြင် ပြည်သူလူထု၏ လူမှုစီးပွားဘဝကိုလည်း ပိုမိုတိုးတက်မြင့်မားစေခြင်း၊ သယ်ယူပို့ဆောင်မှုကုန်ကျစရိတ်လျော့ကျစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကိုလည်း လျော့ကျစေရေး အထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ရထားပြန်လည်ပြေးဆွဲရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများအားလုံးကို ကျေးဇူးတင် ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း ပြောကြားသည်။



ထို့နောက် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်အုပ်ချုပ်ရေး) ဦးစိုင်းသော်လင်းက မြန်မာ့မီးရထား၏ အထက်မြန်မာပြည် ရထားလမ်းပိုင်းဆိုင်ရာကိစ္စရပ်များနှင့် ရထားခရီးစဉ်ပြေးဆွဲရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ရထားခရီးစဉ်ပြေးဆွဲနိုင်ရေး ဒေါက်တာဖာသာယုံဝါနှင့် သိက္ခာတော်ရဆရာ မဒိန်ဇုန်းကျန်းတို့က ဆုတောင်းဆက်ကပ် ကောင်းချီးပေးခဲ့ကြသည်။

ဆက်လက်၍ မိုးကောင်း – မြစ်ကြီးနား – မိုးကောင်း ရထားခရီးစဉ်ပြေးဆွဲသွားမည့် ရထားစက်ခေါင်းအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ မြန်မာ့မီးရထား အထွေထွေမန်နေဂျာတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တာဝန်ရှိသူများနှင့်အတူ ရထားစက်ခေါင်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ကူညီခဲ့ကြသော တိုင်းရင်းသားယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာ့မီးရထား တာဝန်ရှိသူများအတွက် လက်ဆောင်ပစ္စည်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မိုးကောင်း – မြစ်ကြီးနား – မိုးကောင်း ရထားခရီးစဉ်ကို စတင်ပြေးဆွဲရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်တို့က ပြည်နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံများနှင့်အတူ ပျော်ရွှင်စွာ စီးနင်းလိုက်ပါခဲ့ကြပြီး ရထားခရီးစဉ် လိုက်ပါစီးနင်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရထားစတင်ပြန်လည်ပြေးဆွဲခြင်းအတွက် ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး လက်ဆောင်များနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

**ကြိုဆို**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မိုးကောင်းဘူတာသို့ ရောက်ရှိပြီး မိုးကောင်းဘူတာရုံ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဘင်ခရာအဖွဲ့များဖြင့် သောင်းသောင်းဖြဖြကြိုဆိုကြရာ ပြည်နယ်ဝန်ကြီးချုပ်က မီးရထားခရီးစဉ် ပြန်လည်ပြေးဆွဲခြင်းနှင့် စပ်လျဉ်း၍ ယနေ့ မိုးကောင်း-မြစ်ကြီးနား ရထားခရီးစဉ်မှသည် မြစ်ကြီးနား-မိုးညှင်းအထိ တစ်ဆင့်ပြီး တစ်ဆင့် အဆင်ပြေချောမွေ့စွာ ပြေးဆွဲနိုင်ရေး အများပြည်သူ ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရေး တိုက်တွန်းမှာကြားကာ မြန်မာ့မီးရထားဖြင့် မြစ်ကြီးနားမြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

အဆိုပါ မိုးကောင်း-မြစ်ကြီးနား-မိုးကောင်း ခရီးစဉ်လမ်းပိုင်းသည် ၃၆ ဒသမ ၇၅ မိုင်ရှိပြီး လမ်းပိုင်းအတွင်း ဘူတာ ခုနစ်ဘူတာ၊ ရပ်နားစခန်း တစ်ခုပါဝင်ကြောင်းနှင့် ရထားပြေးဆွဲမှုအနေဖြင့် နေ့စဉ် မိုးကောင်းဘူတာမှ နံနက် ၇ နာရီမှ စတင်ထွက်ခွာ၍ မြစ်ကြီးနားဘူတာသို့ ၉ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ပြီး မြစ်ကြီးနားဘူတာမှ မွန်းလွဲ ၂ နာရီတွင် ပြန်လည်ထွက်ခွာ၍ မိုးကောင်းဘူတာသို့ ညနေ ၄ နာရီခွဲတွင် ပြန်လည်ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ် လိုက်ပါစီးနင်းမည့် ခရီးသည်များအတွက် တစ်လတိတိ အခမဲ့ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# သာယာဝတီမြို့နယ်၌ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး စကားဝိုင်းပြုလုပ်

**သာယာဝတီ နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက သာယာဝတီမြို့နယ် ဆရာစံခန်းမ၌ ပြုလုပ်သည်။

အဆိုပါဆွေးနွေးပွဲတွင် ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ၎င်းတို့ ပံ့ပိုးဆောင်ရွက်ပေးနေသည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် Moderator အဖြစ် ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ဦးဆောင်ဆွေးနွေးပြီး Panelists အဖြစ် တိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဇင်ထွန်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန SME ဌာနမှူး ဒေါ်စောမာမာဝင်း၊ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးဇေယျာဆွေ၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုင်းကျော်မင်း၊ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊ မြန်မာ့စီးပွားရေးဘဏ် တိုင်းမန်နေဂျာ ဒေါ်ပပကျော်၊ တိုးမြင့် ဒိန်ချဉ်လုပ်ငန်းမှ ဒေါ်သိမ့်သိမ့်တို့က အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။




ယင်းနောက် တက်ရောက်လာသူ တစ်ဦးက ဈေးကွက်ရရှိရေးနှင့်ပတ်သက်၍မေးမြန်းခဲ့ရာ စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက မိမိတို့ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရရှိရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကလေးများအတွက် သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ပညာပေး

**မော်လမြိုင် နိုဝင်ဘာ ၂**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ကလေးများအတွက် သဘာဝဘေးအန္တရာယ် ကာကွယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး ပညာပေး အခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

ထို့နောက် စာသင်ကျောင်း အခြေပြု မီးဘေးလုံခြုံရေး အသိပညာပေးရေး အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိသည့် အပြင် မီးဘေး၊ သဘာဝဘေးနှင့် အခြားသောဘေး အန္တရာယ်များ ရင်ဆိုင်ကြုံတွေ့လာပါက လိုက်နာနေထိုင် ပြုမူဆောင်ရွက်ရမည့် နည်းလမ်းများ၊ ဘေးအန္တရာယ် လျှော့ချရေးဆိုင်ရာ အသိပညာ ဗဟုသုတများ၊ ခေတ်မီ မီးငြိမ်းသတ်ရေးယာဉ်စက်များ၊ ခေတ်မီ မီးသတ်နှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံး အထောက်အကူပြု ပစ္စည်းများကို လက်တွေ့ကိုင်တွယ် လေ့လာကြည့်ရှုနိုင်ရန် ခင်းကျင်းပြသထားသည့်အပြင် စိတ်ဝင်စားဖွယ် ဂိမ်းကစားနည်းများကို ကျောင်းသား ကျောင်းသူများကိုယ်တိုင် ပါဝင်ကစားရသည့်အတွက် သဘာဝဘေးအန္တရာယ်



ကာကွယ်လျှော့ချရေး ပညာပေး အစီအစဉ်ကို မွန်ပြည်နယ်အတွင်းရှိ ကျောင်းများတွင် ဆောင်ရွက်မည် ဖြစ်သည်။

ဆက်လက်၍ မီးဘေးကစားနည်းများ ဖြစ်ကြသည် သတ်မှတ်ထားသော ပစ်မှတ်ဆီသို့ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ရသော ကစားနည်း၊ မီးလောင်မီးငြိမ်းသတ်ရေး ကတ်များကို အသုံးပြု၍ ကစားနည်း၊ စောင်ကို အသုံးပြု၍ လူနာသယ်ဆောင် ကစားနည်း၊ အိမ်၌ရှိသည့် ပစ္စည်းများနှင့် ရှေးဦးသူနာပြုစုရမည့် ကစားနည်း၊ ရေသန့်ဘူး အသုံးပြု၍ အသက်ကယ် ပြုလုပ်ကစားနည်း၊ သဘာဝ ဘေးအန္တရာယ် များသည့်အခါ ယူဆောင်သွားရမည့် ပစ္စည်းများကို စဉ်းစားတတ်စေရန် ကစားနည်း၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကတ် အသုံးပြု၍ ဉာဏ်စမ်းကစားနည်း၊ ကလေးများ လွယ်ကူစွာနားလည်နိုင်သော ရုပ်ပုံများကို အဆင့်လိုက်ဆက်သော ကစားနည်း၊ ကြိုးကလေးပုံပြင် စသည့် ကစားနည်းများကို ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာ၍ ပါဝင်ကစားခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# စပျစ်စိုက်ပျိုးခြင်းဖြင့် တောင်သူစီးပွား၊ ဒေသစီးပွား တိုးပွားစေမည်

**တွေ့ဆုံမေးမြန်း- သိမ့်သိမ့်မျိုး၊ ဓာတ်ပုံ- ဇော်ဝင်းအောင်(ရမည်းသင်းခရိုင်၊ ပြန်/ဆက်)**

တစ်ကြိမ်စိုက်ပျိုးပြီး စနစ်တကျပြုစုကာ နှစ်စဉ် ဝင်ငွေရရှိနိုင်သည့်အတွက် စပျစ်စိုက်ပျိုးခြင်းကို တောင်သူအများ စိတ်ဝင်စားလာကြသည်။ စပျစ်စိုက်ပျိုးခြင်းဖြင့် စိုက်ပျိုးသူတောင်သူများ ဝင်ငွေရရှိသကဲ့သို့ ခြံလုပ်သားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနိုင်သည်။ နိုင်ငံအတွင်း စပျစ်စိုက်ပျိုးခြင်းကို အသီးစားသုံးမှုအတွက် စိုက်ပျိုးခြင်းသာမက တန်ဖိုးမြင့်ထုတ်ကုန်ဖြစ်သော စပျစ်ဝိုင်အဖြစ်ပါ ရည်မှန်းထုတ်လုပ်လာကြသည်။



စပျစ်စိုက်ပျိုးခြင်းသည် စိုက်ပျိုးတောင်သူဝင်ငွေတိုးတက်ရရှိနိုင်သည့် စိုက်ပျိုးသီးနှံတစ်ခုဖြစ်သည့်အတွက် ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပခုက္ကူ၊ ရေနံချောင်း၊ ရမည်းသင်း၊ ပျော်ဘွယ်စသည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် စိုက်ပျိုးမှုများပြားလာသည်။ ယခုအခါ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းဒေသ၌ စပျစ်စိုက် ဧက ၄၀၀၀ ကျော် စိုက်ပျိုးထားကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

ထိုသို့ဒေသခံတောင်သူများ အကျိုးများစေသော စပျစ်စိုက်ပျိုးခြင်းသည် ဒေသစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုလျက်ရှိသည့်အပြင် ကျေးလက်ဒေသများဖွံ့ဖြိုးရေး၊ ဒေသအလိုက် အဓိကထုတ်ကုန်များကို အခြေခံသော ကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဖော်ဆောင်နေသည့် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်ခု (One Village One Product)၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) ဟူသောအစီအစဉ်နှင့် ကိုက်ညီနေသည်။

သို့ဖြစ်ရာ စပျစ်စိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ရမည်းသင်းမြို့နယ်မှ စပျစ်စိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးချစ်ပီးနှင့် သွားရောက်မေးမြန်းခဲ့သည်များကို တင်ပြအပ်ပါသည်-



**မေး။ ။ ဒီဒေသမှာ စပျစ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာတယ်လို့ သိရှိရတဲ့အတွက် ဒေသရဲ့ စပျစ်စိုက်ပျိုးထုတ်လုပ်ရောင်းချမှုနဲ့ပတ်သက်ပြီး သိရှိပါရစေ။**

**ဖြေ။** ။ ကျွန်တော်တို့ ရမည်းသင်းမြို့နယ် ရွာတန်းဒေသတစ်ဝိုက်မှာ စပျစ်စိုက် ဧက ၄၀၀၀ ကျော်လောက်ရှိပါတယ်။ စိုက်ပျိုးတဲ့ စပျစ်မျိုးက ခုနစ်မျိုးလောက်ရှိပါတယ်။ အဓိကကတော့ စိုက်ပျိုးတောင်သူအတွက် အကျိုးဖြစ်ထွန်းစေမယ့် ဈေးကွက်မှာဝယ်လိုအားကောင်းတဲ့မျိုးတွေကို စိုက်ကြတာဖြစ်ပါတယ်။ စိုက်ပျိုးရာသီက နှစ်စဉ် တစ်လပိုင်းကနေ ငါးလပိုင်းအထိဖြစ်ပြီး ကျွန်တော်တို့ဒေသက ပျမ်းမျှစပျစ်သီးတန်ချိန် ၂၈၀၀၀ ကနေ ၃၀၀၀၀ ကျော်အထိ ထွက်ရှိပါတယ်။

**မေး။ ။ စိုက်ပျိုးထွက်ရှိတဲ့ စပျစ်တွေကို ဘယ်လိုရောင်းချပါသလဲ။**

**ဖြေ။** ။ အခုကတော့ ဒေသထွက်စပျစ်သီးတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်၊ မြို့နယ်အားလုံးကို ကုန်သည်တွေကတစ်ဆင့် ရောင်းချပါတယ်။ ကျွန်တော်တို့ဒေသတောင်သူတွေအတွက် ဝင်ငွေတိုးပွားစေတဲ့သီးနှံတစ်ခုပါ။ ကျွန်တော်တို့ ဒေသရည်မှန်းချက်ကတော့ ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်တဲ့အထိ ရည်မှန်းထားပါတယ်။ အခုနောက်ပိုင်း စပျစ်စိုက်ပျိုးရာမှာ စပျစ်စိုက်တောင်သူတွေအနေနဲ့ ဓာတုဆေးဝါးသုံးစွဲမှု လျှော့ချသုံးစွဲရေးဘက်ကို သွားနေကြပါပြီ။

**မေး။ ။ စပျစ်ကို တန်ဖိုးမြင့်ထုတ်ကုန်အနေနဲ့ စပျစ်ဝိုင်အဖြစ် ဒေသမှာထုတ်လုပ်နေပြီလား။ ထုတ်လုပ်နေပြီဆိုရင် စပျစ်ဝိုင်အဖြစ် ထုတ်လုပ်မှုအခြေအနေကို သိပါရစေ။**

**ဖြေ။** ။ စပျစ်ကနေ စပျစ်ဝိုင်အဖြစ် တန်ဖိုးမြင့်ထုတ်ကုန်အနေနဲ့ ထုတ်လုပ်ရောင်းချနိုင်အောင် စမ်းသပ်ထုတ်လုပ်နေပြီဖြစ်ပါတယ်။ အောင်မြင်ပါတယ်။ ကျွန်တော်တို့ဒေသမှာ ဝိုင်လုပ်တဲ့စပျစ်မျိုးလေးမျိုး စိုက်ပျိုးထုတ်လုပ်နေပါတယ်။ စနစ်တကျခေတ်မီနည်းပညာတွေနဲ့ အရည်အသွေးကောင်းအောင် လုပ်နိုင်လာကြပါပြီ။

**မေး။ ။ နိုင်ငံတော်ကနေနိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်တွေ ဆောင်ရွက်ပေးနေတာလည်းရှိပါတယ်။ ဒီကနေ စပျစ်စိုက်ပျိုးရေးအတွက် ငွေကြေးဖြစ်စေ၊ နည်းပညာဖြစ်စေ အထောက်အပံ့ရရှိတာတွေရှိရင်လည်း ပြောပြပေးပါ။**

**ဖြေ။** ။ ရှိပါတယ်။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကနေ ကျွန်တော်တို့ဒေသက ကျေးလက်နေပြည်သူတွေ ဝင်ငွေတိုးပွားစေဖို့ သင်တန်းတွေကို ဖွင့်လှစ်ပေးပါတယ်။ ဝိုင်ပြုလုပ်နည်းတွေကို စာတွေ့လက်တွေ့သင်ကြားပေးပါတယ်။ စပျစ်စိုက်တောင်သူတချို့ဆိုရင် GAP လက်မှတ်တွေ ရရှိနေကြပြီဖြစ်ပါတယ်။

ဒီနှစ်မှာ ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာမှာရှိတဲ့ စပျစ်စိုက်တောင်သူတွေကို တစ်ဧကငါးသိန်းနှုန်းနဲ့ စပျစ်စိုက်တောင်သူ ၂၂၃ ဦး၊ စပျစ်စိုက်ဧက ၅၀၆ ဒသမ ၅ ဧကအတွက် အတိုးနှုန်းသက်သာတဲ့ချေးငွေကို တစ်နှစ်ချေးပေးခဲ့ပါတယ်။ တောင်သူတွေ စိုက်ပျိုးရေးအတွက် အထောက်အကူအများကြီးရပါတယ်။

**မေး။ ။ ဟုတ်ကဲ့ပါ။ စပျစ်စိုက်ပျိုးသူတောင်သူတွေကို မျှဝေလိုတာရှိရင်လည်း ပြောပြပေးပါရှင့်။**

**ဖြေ။** ။ စပျစ်စိုက်ပျိုးတာဟာ စိုက်ပျိုးသူတောင်သူတွေ ဝင်ငွေတိုးတက်ရရှိတဲ့အပြင် ခြံလုပ်သားအလုပ်အကိုင်အခွင့်အလမ်းအများကြီးကိုလည်း ဖော်ဆောင်ပေးနိုင်ပါတယ်။ စပျစ်စိုက်တောင်သူတွေအနေနဲ့ စပျစ်သီးတွေကို တန်ဖိုးမြင့်ထုတ်ကုန် ဝိုင်အဖြစ်ပါ ထုတ်လုပ်လာနိုင်တဲ့အတွက် အခွင့်အလမ်းတွေ ရရှိဦးမှာပါ။

ဒီအတွက် နိုင်ငံတော်ကလည်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက ပံ့ပိုးမှုပေးတာကိုလည်း ရရှိနေကြပြီဖြစ်ပါတယ်။ ဒါကြောင့် စိုက်သူဝင်ငွေတိုးပွားစေရုံသာမက ဒေသစီးပွားအကျိုးများအောင်လည်း အထောက်အပံ့ပေးနိုင်တာ အမှန်ပဲဆိုတာကို ပြောပြလိုပါတယ်။ ။

## ညောင်လေးပင်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူမှုလုပ်ငန်းဖွင့်ပွဲ ကျင်းပ

ညောင်လေးပင် နိုဝင်ဘာ ၂

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ ယမန်နေ့နံနက် ၁၀ နာရီက ရှမ်းရွာကျေးရွာအုပ်စု ရှမ်းရွာကျေးရွာ၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့်အဖွဲ့ဝင်များ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှဝန်ထမ်းများ၊ ဖိတ်ကြားထားသောဌာနဆိုင်ရာအကြီးအကဲများ၊ စာရင်းကောက်ကြီးကြပ်နှင့် စာရင်းကောက်အဖွဲ့ဝင်များတက်ရောက်ခဲ့ကြပြီး ရှမ်းရွာနှင့် သာလူကုန်းကျေးရွာအတွင်း စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ စာရင်းကောက်ယူရာသို့ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြပြီး ညောင်လေးပင်မြို့နယ် ရပ်ကွက်သုံးခုနှင့် ကျေးရွာ ၃၀ တို့၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးလုပ်ငန်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မတီအတွင်းရေးမှူးမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါက်တာမျိုးမင်းအောင်ထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

## အင်္ဂပူမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူ

အင်္ဂပူ နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း ဆိုင်ရာလုပ်ငန်းများကို ယနေ့ နံနက် ၁၀ နာရီက အင်္ဂပူမြို့နယ် ထန်းပင်ကန်ကျေးရွာအုပ်စု သဇင်ကွင်းကျေးရွာမှ စတင်ကောက်ယူခဲ့သည်။

စာရင်းကေက်ယူရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးနှင့် တာဝန်ရှိသူများလိုက်ပါခဲ့ပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဇာနည်အောင်က ၂၀၂၃ ခုနှစ် စာရင်းကောက်ယူရန်အတွက် Commcare Application ကိုအသုံးပြု၍စာရင်းရေးသွင်းမှု အခြေအနေများကို



ရှင်းလင်းဆွေးနွေးသည်။

စာရင်းကောက်ယူခြင်းကို ရပ်ကွက်နှစ်ခုမှ ကျေးရွာအုပ်စု ၆၀ ရှိ ကျေးရွာပေါင်း ၁၃၀ ကို စာရင်းကောက်အင်အား ၃၅ ဦးဖြင့် ဆက်လက်ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၁) စီမံကိန်း ပြီးမြောက်ခြင်း အခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂

သမဝါယမဦးစီးဌာနက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Jasmine Naypyitaw Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ (မြန်မာ)၊ သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဂုဏ်ပြုစကား ပြောကြားကြကာ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။



ယင်းနောက် ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် စီမံကိန်းဆိုင်ရာ ဆောင်ရွက်မှုမှတ်တမ်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာ၌ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ငရုတ်သီးအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံး ပစ္စည်းများပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ငရုတ်သီးအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို တက်ရောက်ခဲ့ကြသည့် သင်တန်းသူများအနေဖြင့် အိုးမကွဲ၊ အိမ်မကွာဖြင့် ကိုယ်ပိုင်လုပ်ငန်းငယ်များ ထူထောင်ပြီး မိသားစုဝင်ငွေ တိုးတက်လာအောင် ကြိုးစားနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်လုပ်ငန်း ထူထောင်ဆောင်ရွက်နိုင်ရန်အတွက် အမှန်တကယ် လုပ်ငန်းလုပ်ကိုင်မည့် သင်တန်းသူငါးဦးကို ရွေးချယ်ပြီး လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းဆင်းသူများအနက်မှ လုပ်ငန်းထူထောင်လိုသူ ထူးချွန်သင်တန်းသားများကို ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ရာ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက သင်တန်းသားတစ်ဦးလျှင် ငွေကျပ် ၁၃၅၀၀၀၀ နှင့် ညီမျှသော လုပ်ငန်းသုံးပစ္စည်းစုစုပေါင်း ငွေကျပ် ၆၇၅၀၀၀၀ တန်ဖိုးရှိ လုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်ချီးမြှင့်ကာ သင်တန်းသူများကိုယ်တိုင်ထုတ်လုပ်ခဲ့သော ငရုတ်သီးအခြေခံတန်ဖိုးမြှင့်ထုတ်ကုန်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။(အပေါ်ပုံ) **သတင်းစဉ်**

## ဇေယျာသီရိမြို့နယ် သမဝါယမအသင်းစု(လီမိတက်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပ


နေပြည်တော် နိုဝင်ဘာ ၂

နေပြည်တော် ဇေယျာသီရိမြို့နယ် သမဝါယမအသင်းစု(လီမိတက်)၏ ၂၀၂၂-၂၀၂၃ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ပွဲကို ဇေယျာသီရိမြို့နယ် သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအစည်းအဝေးတွင် ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက အစည်းအဝေးများ ပြုလုပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခဲ့ပြီး အမှုဆောင်အဖွဲ့ဝင်များက အမှုဆောင်ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ၊ အသင်း၏ ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ်အစီရင်ခံစာများ၊ အသင်း၏ ဘဏ္ဍာရေးအစီရင်ခံစာများကို ဖတ်ကြားတင်ပြခဲ့ရာ သဘာပတိက အတည်ပြုခဲ့ပြီး ၎င်းအမှု ဆောင်အဖွဲ့သည် (၅)နှစ် သက်တမ်းပြည့်ပြီးဖြစ်၍ နုတ်ထွက်ခဲ့ကြသည်။

ထို့နောက် အမှုဆောင်အဖွဲ့အသစ် ပြန်လည်ရွေးချယ် တင်မြှောက်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ တိုင်းအဆင့်ဖွဲ့စည်းရေးကော်မတီ ဥက္ကဋ္ဌ ညွှန်ကြားရေးမှူး ဒေါ်ယုယုအေးက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ခြင်းနှင့်ပတ်သက်၍ အဆိုပြုထောက်ခံရွေးချယ်ခြင်း၊ လျှို့ဝှက်ဆန္ဒမဲပေး ရွေးချယ်ခြင်း စသည်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသော အသင်းဝင်ကိုယ်စားလှယ်များ၏ သဘောဆန္ဒများအတိုင်း သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ သမဝါယမအသင်းဝင် ကိုယ်စားလှယ် ၃၅ ဦးအနက်မှ အမှုဆောင်ဒါရိုက်တာအဖွဲ့ငါးဦးနှင့် အသင်းစာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ပေးခဲ့သည်။ ယင်းနောက် ရွေးချယ်ခံရသည့် အမှုဆောင် ဒါရိုက်တာအဖွဲ့သစ်များက တာဝန်ခွဲဝေသတ်မှတ်ခြင်း၊ သဘာပတိရှေ့မှောက်တွင် ကတိသစ္စာ ခံယူခြင်းတို့ကို ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## ကျောက်ဆည်ဆင်ပွဲတော်နှင့် ဆင်ရုပ်လှူသည့်ဓလေ့ကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရန် ဆင်အကပညာရှင်များ ပါဝင်ဆောင်ရွက်လို

ကျောက်ဆည် နိုဝင်ဘာ ၂

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်မြို့၌ သီတင်းကျွတ် ကျောက်ဆည် ဆင်ပွဲတော်နှင့် ဆင်ရုပ်လှူဒါန်းသည့်ဓလေ့ကို ယခုနှစ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

သီတင်းကျွတ် လဆန်း ၁၄ ရက်(အောက်တိုဘာ ၂၈ ရက်)တွင် ကျောက်ဆည် ဆင်ပွဲတော်နှင့် ဆင်အကပြိုင်ပွဲ ပြုလုပ်ခဲ့ပြီး သီတင်းကျွတ် လပြည့်နေ့ (အောက်တိုဘာလ ၂၉ ရက်)တွင် ဆင်အရုပ်လှူဒါန်းခဲ့သည်ဟု ဆိုသည်။

ယခုနှစ်တွင် ကျောက်ဆည် ဆင်ပွဲတော်ကို တက်ရောက်ပါဝင်ခဲ့သည့် ဆင်ကောင်ရေ ၁၀၀ ကျော်ရှိပြီး ရိုးရာသဘာဝ ဆင်နှစ်ကောင်အပါအဝင် ပြိုင်ပွဲဝင်ဆင်ကောင်ရေ စုစုပေါင်း ၁၉ စီးရှိခဲ့သည်။



"ကျောက်ဆည်ဆင်ပွဲတော်နဲ့ ဆင်လှူဒါန်းတဲ့ ဓလေ့ဟာ ကျွန်တော်တို့ ကျောက်ဆည်မြို့ တစ်မြို့တည်းမှာပဲရှိတာ။ ကမ္ဘာပေါ် မှာ တစ်ခုတည်းသာရှိတဲ့ အတွက် ကမ္ဘာ့အမွေအနှစ် စာရင်းကိုလည်း ကျွန်တော်တို့ တင်သွင်းချင်ပါ တယ်။ အရင်တုန်းကတော့ ကျောက်ဆည် ဆင်ပွဲတော်ကို ဒေသအဆင့်၊ နိုင်ငံအဆင့်ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် စာရင်းတင်သွင်းနိုင်ဖို့ ပညာရှင်တွေက ကြိုးပမ်းခဲ့ဖူးပါတယ်။ ကျောက်ဆည်ဆင်အက ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖို့ဆိုရင် ဆင်အကပညာရှင်တွေအနေနဲ့ ပူးပေါင်းပါဝင်ချင်ပြီး ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖို့အထိ ပါဝင်ဆောင်ရွက်ချင်ပါတယ်"ဟု ကျောက်ဆည် ဆင်ပွဲတော်ဒိုင် ဆင်အကပညာရှင် ဦးဇော်ကြီးက ပြောသည်။

ယခုနှစ် ကျောက်ဆည်ဆင်ပွဲတော်တွင် ယခင်နှစ်ကထက် ပြိုင်ပွဲဝင်ဆင်ကောင်ရေများပြီး မျိုးဆက်သစ်ဆင်အကကနိုင်သူများ တိုးခဲ့ကာ ပထမဆုရသည့်မြင်စိုင်းဇာနည်ဆင်အကအဖွဲ့က ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာအရ ပြိုင်ပွဲဝင် ဆင်ရုပ်ကြီးတစ်ခုလုံးကို ရွှေသာလျောင်းတောင်အောက်သို့ ပစ်ချပြီး ဆင်ရုပ်လှူဒါန်းခဲ့ရာ ကျန်အသင်းဝင်များကလည်း ဆင်ရုပ်အသေးများကို လှူဒါန်းခဲ့သည်ဟုဆိုသည်။

ကျောက်ဆည် ဆင်ပွဲတော်သည် အနော်ရထာမင်း လက်ထက်တော်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး မြတ်စွာဘုရား၏စွယ်တော်ပွားကို စေတီတော်တည်ရန် ဆင်ဖြူတော်ပေါ်တင်၍စေလွှတ်ခဲ့ရာ အနော်ရထာမင်းကြီးက မြတ်စွာဘုရား၏ စွယ်တော်တင်သည့် ဆင်ဖြူတော်(ဆင်မယဉ်သာ) အတွက် သတိတရ ရည်စူးပြီး လှူဒါန်းအမျှပေးဝေရန် အမိန့်ဌာန်ထားခဲ့သည့်အတိုင်း ဆွမ်းတော်ကြီးကပ်ပွဲ၊ မြသပိတ်တော်၊ မီးထွန်းပွဲနှင့်အတူ ဆင်မရုပ်တို့ဖြင့် ဆင် ၁၀ မျိုး လှူဒါန်းရသည့် ထုံးတမ်းစဉ်လာဖြစ်လာခဲ့ကြောင်းနှင့် ယင်းထုံးတမ်းအစဉ်အလာကို ကျောက်ဆည်မြို့၌ နှစ်စဉ် ကျင်းပခဲ့ခြင်းဖြစ်ပြီး နောက်ပိုင်းတွင်ဆင်ရုပ်လှူဒါန်းခြင်းအပြင် ဆင်အကပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**TC**

## လမ်းလုပ်ငန်းများ အရည်အသွေးကောင်းမွန်ရေး ကွင်းဆင်းကြီးကြပ်

လေးမျက်နှာ နိုဝင်ဘာ ၂

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်နေသော ပဆင-စာစီကုန်း-ထောက်ကြံကွင်း-ဝါးတောကွင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ရက်က ဟင်္သာတခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကိုကိုသိန်းဇော်လင်းက ကွင်းဆင်းကြီးကြပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းကျောက်ချောခင်းခြင်းကို တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေ ၁၃၃ ဒသမ ၄၉၈ သန်း အကုန်အကျခံ၍ အရှည်တစ်မိုင် အကျယ် ၁၂ ပေ၊ ဒု ၁၄ လက်မအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေရာ ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း၊ မကြာမီအချိန်အတွင်း ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်နေကြောင်းနှင့် လမ်းလုပ်ငန်းပြီးစီးသွားပါက ကျေးရွာခြောက်ရွာ အိမ်ခြေ ၇၇၂ အိမ် လူဦးရေ ၃၁၁၆ ဦးအား အကျိုးပြုနိုင်ကြောင်း သိရသည်။ **တင်ရွှေ(ပြန်ဆက်)**



# ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမိကာဝါယိုကို အစ္စရေးနိုင်ငံနှင့် ဂျော်ဒန်နိုင်ငံတို့သို့ ခရီးထွက်ခွာ



**တိုကျို နိုဝင်ဘာ ၂**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမိကာဝါယိုကိုသည် အစ္စရေးနိုင်ငံနှင့် ဂျော်ဒန်နိုင်ငံတို့သို့ သွားရောက်ရန် တိုကျိုမြို့တော်မှ ယနေ့ထွက်ခွာခဲ့ကြောင်း သိရသည်။

အစ္စရေးနှင့် ပါလက်စတိုင်း အစ္စလာမ္မစ်အဖွဲ့ ဟားမတ်စ်တို့ကြား ပဋိပက္ခများ အောက်တိုဘာ ၇ ရက်တွင် စတင်ခဲ့ပြီးနောက် အစ္စရေးနိုင်ငံသို့ ဂျပန်အစိုးရအဖွဲ့ဝင် ဝန်ကြီးတစ်ဦး၏ ခရီးစဉ်သည် ပထမဆုံးဖြစ်သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမိကာဝါယိုကိုသည် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးနှင့် ပါလက်စတိုင်းအာဏာပိုင်တို့ကို နိုဝင်ဘာ ၃ ရက်တွင် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် နိုဝင်ဘာ ၅ ရက်တွင် ဂျပန်နိုင်ငံသို့ မပြန်မီ ဂျော်ဒန်နိုင်ငံသို့ ဆက်လက်ခရီးထွက်ခွာမည်ဖြစ်သည်။

**ပြောကြား**

ဂါဇာကမ်းမြောင်တွင် အလွန်ဆိုးရွားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အခြေအနေများကို ဆွေးနွေးမည်ဖြစ်ပြီး ပါလက်စတိုင်းကို အကူအညီပေးရန် ဂျပန်နိုင်ငံ၏ ရည်ရွယ်ချက်ကို တိုက်ရိုက် ပြောကြားသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီး ကာမိကာဝါယိုကိုက အစ္စရေးနိုင်ငံသို့ မထွက်ခွာမီ လေဆိပ်၌ သတင်းထောက်များကို ပြောကြားသည်။

ထို့ပြင် ဂါဇာကမ်းမြောင်ရှိ အကြီးဆုံး ဒုက္ခသည်စခန်းကို အစ္စရေးတပ်ဖွဲ့က လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည့်အတွက် ကလေးများ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ အပါအဝင် အပြစ်မဲ့ပြည်သူများ သေဆုံးရသည့်အတွက် အလွန်ဝမ်းနည်းမိကြောင်း ကာမိကာဝါယိုကိုက ပြောသည်။

အရပ်သားများကို အကာအကွယ်ပေးရန် အရေးကြီးကြောင်း ဂျပန်နိုင်ငံက အစ္စရေးနိုင်ငံကို အလေးပေးပြောကြားထားပြီးဖြစ်ကြောင်းနှင့် နိုင်ငံတကာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်လည်း တောင်းဆိုထားကြောင်း ကာမိကာဝါယိုကိုက ဆက်လက်ပြောသည်။

ဂျပန်နိုင်ငံသည် လာမည့်သီတင်းပတ်တွင် မြို့တော်တိုကျို၌ ဂျီ၇ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲမတိုင်မီ အစ္စရေးနှင့် ပါလက်စတိုင်းအရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်ရရှိရန် ကာမိကာဝါယိုကိုက မျှော်လင့်ထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**




# အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခကြောင့် လက်ရှိအချိန်အထိ လူ ၁၀၀၀၀ ကျော် သေဆုံး

**ဂျေရုဆလင် နိုဝင်ဘာ ၂**

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား ပဋိပက္ခကြောင့် လက်ရှိအချိန်အထိ လူ ၁၀၀၀၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

အစ္စရေးစစ်တပ်သည် ဂါဇာကမ်းမြောင်၏ အကြီးဆုံးဒုက္ခသည်စခန်းကို ဆက်လက်တိုက်ခိုက်လျက်ရှိသည်။

အဆိုပါစခန်း၌ စာရင်းသွင်းထားသည့် ဒုက္ခသည်ပေါင်း ၁၂၀၀၀၀ နီးပါး နေထိုင်လျက်ရှိကြောင်း သိရသည်။

ပဋိပက္ခစတင်သည့်အချိန်မှစပြီး လက်ရှိအချိန်အထိ ဂါဇာကမ်းမြောင်ဒေသ၌ ၈၈၀၀ နီးပါး သေဆုံးခဲ့ကြောင်းနှင့် အစ္စရေးဘက်ခြမ်းတွင် အနည်းဆုံး ၁၄၀၀ သေဆုံးခဲ့ကြောင်း ကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

အလားတူ အရှေ့အလယ်ပိုင်းရှိ အခြားသောတပ်ဖွဲ့များသည် ဟားမတ်စ်အဖွဲ့ကို ထောက်ပံ့မှုများပေးလျက်ရှိသည်။

ယီမင်ရှိ ဟူသီအဖွဲ့သည် အစ္စရေးဘက်သို့ ဒုံးကျည်များဖြင့် အောက်တိုဘာ ၃၁ ရက်က ပစ်ခတ်ခဲ့သည်။

ဟူသီအဖွဲ့က အစ္စရေးကို တိုက်ခိုက်ရန် ပြင်ဆင်နေသည်မှာ နှစ်အတော်ကြာခဲ့ကြောင်း ဟူသီအဖွဲ့ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

လက်ရှိတွင် ဂါဇာကမ်းမြောင်ဒေသ၌ အခြေအနေများ ဆိုးရွားလျက်ရှိသည်။ ကုလသမဂ္ဂ ပရောဂျက်ဝန်ဆောင်မှုရုံး၏ အမှုဆောင်ဒါရိုက်တာ ဂျော့မိုရီယာဒါဆေးဗားက ဒေသတွင်းဆေးရုံများကို ဆက်လက်လည်ပတ်နိုင်စေရန် လောင်စာဆီများ ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ဘက်ပေါင်းစုံမှ ဝင်ရောက်လာရေးအတွက် ထပ်မံတိုက်တွန်း ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ကမ္ဘောဒီးယားနိုင်ငံမှ ကြိတ်ခွဲပြီးဆန်များကို အင်ဒိုနီးရှားနိုင်ငံသို့ ပထမဆုံးအကြိမ်တင်ပို့ရောင်းချ

**ဖနောင်ပင် နိုဝင်ဘာ ၂**

ကမ္ဘောဒီးယားနိုင်ငံမှ ကြိတ်ခွဲပြီးဆန်များကို အင်ဒိုနီးရှားနိုင်ငံသို့ ပထမဆုံးအကြိမ်အဖြစ် တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

ပထမအသုတ် ကြိတ်ခွဲပြီးဆန်များကို အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း ဂျာဗားပြည်နယ် ဆီမာယန်မြို့သို့ နိုဝင်ဘာ ၂ ရက်တွင် တင်ပို့နိုင်ခဲ့ကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က ပြောကြားသည်။

ယခုဆောင်ရွက်ချက်သည် နှစ်နိုင်ငံအကြား ရရှိခဲ့သည့် ညှိနှိုင်းဆွေးနွေးမှုများ၏ ရလဒ်ဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံမှ ကြိတ်ခွဲပြီးဆန်များအတွက် အင်ဒိုနီးရှားနိုင်ငံဈေးကွက်ကို ဖွင့်လှစ်နိုင်ခဲ့ကြောင်း ၎င်း၏ တယ်လီဂရမ်အကောင့်တွင် ဟွန်မာနက်က ထပ်လောင်းပြောကြားသည်။ ယခုကဲ့သို့ အင်ဒိုနီးရှားနိုင်ငံသို့ ဆန်များတင်ပို့နိုင်ခဲ့ခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပပို့ကုန်ပမာဏကို မြှင့်တင်နိုင်ခဲ့သည့် သာမကတောင်သူလယ်သမားများ၏စားဝတ်နေရေးကို ပံ့ပိုးပေးနိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသို့ ပထမအကြိမ် တင်ပို့မှုပမာဏသည် ဆန်တန်ချိန် ၃၅၀၀ ရှိသည်။ ယခု ဆန်တင်ပို့မှုသည် ဩဂုတ်လအတွင်းက ကမ္ဘောဒီးယားနိုင်ငံမှ ဆန်တန်ချိန် ၁၂၅၀၀၀ ဝယ်ယူရန် အင်ဒိုနီးရှားနိုင်ငံက သဘောတူခဲ့ပြီးနောက် ဆောင်ရွက်ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ပထမကိုးလအတွင်း နိုင်ငံနှင့်ဒေသပေါင်း ၅၇ ခုသို့ ကြိတ်ခွဲပြီး ဆန်တန်ချိန် ၄၅၆၅၈၁တန် တင်ပို့ရောင်းချခဲ့ပြီး အမြတ်ငွေ အမေရိကန်ဒေါ်လာ ၃၂၇ ဒသမ ၄ သန်း ရရှိခဲ့ကြောင်း ကမ္ဘောဒီးယား ဆန်စပါးလုပ်ငန်း အဖွဲ့ချုပ်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံမှ ကြိတ်ခွဲပြီးဆန်များသည် တရုတ်နိုင်ငံနှင့် ဥရောပဒေသနိုင်ငံများတွင်လည်း ဈေးကွက်ရရှိနေ သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# စင်ကာပူနိုင်ငံ၌ အောက်တိုဘာလတွင် နေ့အပူချိန် အမြင့်ဆုံးအဖြစ် စံချိန်တင် မြင့်တက်

**စင်ကာပူ နိုဝင်ဘာ ၂**

စင်ကာပူနိုင်ငံ၌ အောက်တိုဘာ ၉ ရက်တွင် နေ့အပူချိန်သည် တစ်လတာအတွင်း အမြင့်ဆုံး အပူချိန်အဖြစ် စံချိန်တင်ခဲ့ကြောင်း စင်ကာပူနိုင်ငံ မိုးလေဝသဌာနက အစီရင်ခံစာတစ်ရပ် ယနေ့ထုတ်ပြန်သည်။

**၃၄ ဒီဂရီစင်တီဂရိတ်အထက်**

၂၀၂၃ ခုနှစ် အောက်တိုဘာလသည် နေ့စဉ်အမြင့်ဆုံးအပူချိန် ၃၄ ဒီဂရီ စင်တီဂရိတ်အထက် ရှိကြောင်း သိရသည်။

အောက်တိုဘာ ၉ ရက်က စင်ကာပူနိုင်ငံ မြောက်ပိုင်းတွင် အပူချိန် ၃၆ ဒသမ ၃ ဒီဂရီ စင်တီဂရိတ်ရှိပြီး ကျန်နေရာများတွင် အပူချိန် ၃၅ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်ခဲ့ကြောင်း စင်ကာပူနိုင်ငံ မိုးလေဝသဌာန၏ အစီရင်ခံစာအရ သိရသည်။

ထို့ပြင် ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၄ ရက်နှင့် ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၃ ရက်တို့တွင် အပူချိန် ၃၅ ဒသမ ၇ ဒီဂရီ စင်တီဂရိတ်ဖြင့် စံချိန်တင်ခဲ့သည်။ ယခုနှစ် အောက်တိုဘာလ အပူချိန်သည် အဆိုပါစံချိန်တင် အပူချိန်ကို ကျော်လွန်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အောက်တိုဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် စင်ကာပူနိုင်ငံ၌ မြူခိုးများ ဖြစ်ပေါ်ပြီးနောက် အောက်တိုဘာလနှောင်းပိုင်းတွင် စင်ကာပူနှင့် အနီးတစ်ဝိုက် ဒေသတို့၌ မိုးရွာသွန်းမှု မြင့်တက်လာသဖြင့် မြူမှုန်များအခြေအနေ တဖြည်းဖြည်း လျော့ကျလာကြောင်း မိုးလေဝသဌာနက ဆိုသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–အောင်ကျော်ကျော်**



# ပနားမားတူးမြောင်းအတွင်း နေ့စဉ် သင်္ဘောဝင်ရောက်မှုများကို လျှော့ချမည်

**လီမာ နိုဝင်ဘာ ၂**

ပနားမားတူးမြောင်းအတွင်း မိုးခေါင်မှုကြောင့် လာမည့်လများအတွင်း နေ့စဉ် သင်္ဘောဝင်ရောက်မှုများကို လျှော့ချမည်ဟုသိရသည်။ ယခုကဲ့သို့ သင်္ဘောဖြတ်သန်းမှုများ လျှော့ချလိုက်သဖြင့် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ပို့ဆောင်ရေးအပေါ် သက်ရောက်မှုရှိမည်ကို တာဝန်ရှိသူများက ပူပန်နေကြသည်။

ပစိဖိတ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာတို့ကို ဆက်သွယ်ပေးသည့် ဗဟိုအမေရိကရှိ ၈၀ ကီလိုမီတာရှည်လျားသော ယင်းတူးမြောင်းသည် ကမ္ဘာ့အဓိက ပင်လယ်ရေကြောင်း သင်္ဘောလမ်းကြောင်းများထဲမှ တစ်ခုဖြစ်သည်။

ပီရူးနိုင်ငံ အနီးရှိ ပင်လယ်ရေမျက်နှာပြင် အပူချိန်သည် ပုံမှန်ထက်ပိုမိုမြင့်တက်လာပြီး အယ်လ်နီညိုဖြစ်စဉ်ကြောင့် ယင်းတူးမြောင်းတွင် စံချိန်တင် မိုးခေါင်ရေရှားမှုဒဏ်ကို ခံစားခဲ့ရသည်။ အောက်တိုဘာလအတွက် မိုးရွာသွန်းမှုမှာ ၁၉၅၀ နောက်ပိုင်း စံချိန်တင် အနိမ့်ဆုံးဖြစ်သည်။

တူးမြောင်းရှိရာ ရေကန်အတွင်းရှိ ရေပမာဏသည် ယခုနှစ်အတွင်း မကြုံစဖူး အဆင့်အထိ ဆက်လက် ကျဆင်းသွားကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ယမန်နှစ်တွင် ယင်းတူးမြောင်းမှ ကုန်တင်ကုန်ချပမာဏ အများဆုံးဖြစ်ပြီး ၎င်း၏နောက်တွင် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့ရှိကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# ကျိုက်ထိုမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့၌ ငွေကျပ် ၄ ဒသမ ၄ ဘီလီယံ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၈ သိန်း သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

ကျိုက်ထိုမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့၌ ငွေကျပ် ၄ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**စစ်ဆေးဖော်ထုတ်လျက်ရှိ**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီခွဲတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအနီးတွင် ပဲခူးမှ မြဝတီဘက်သို့ ရဲမင်းအောင် မောင်းနှင်လာသည့် ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၈ ဒသမ ၁ သိန်း သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ အမှတ်(၂) ရွာမရပ်ကွက် မြို့စိုးလမ်းရှိ ကျော်ဆွေပိုင်ဆိုင်သည့် မင်္ဂလာခန်းမ (၁) ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈ ဒသမ ၇ သိန်း၊ ယာဉ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၄ ဒသမ ၄ ဘီလီယံကျော်တန်ဖိုးရှိစိတ်ကြွရူးသွပ်ဆေးပြား ၂၆ ဒသမ ၈ သိန်း သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ် ဆေးပြားများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်များနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၁ ရက်တွင်မကွေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မင်းဘူးခရိုင် ငဖဲမြို့နယ်၌ တရားမဝင် အခြားသစ် သုည ဒသမ ၈၈၁ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၂၃၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှုမှတ်တမ်းဓာတ်ပုံ။

ထို့အတူ အောက်တိုဘာ ၃၁ ရက်တွင် ရခိုင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်တွေ မြို့၌ လိုင်စင်မဲ့ဆိုင်ကယ် ၅၇ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၆၆၀၀၀၀) ကို လည်းကောင်း၊ တောင်ကုတ်မြို့၌ လိုင်စင်မဲ့ ဆိုင်ကယ် ၁၂ စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၄၇၅၀၀၀၀) ကို လည်းကောင်း၊ မောင်တောမြို့၌ လိုင်စင်မဲ့ ဆိုင်ကယ်ခြောက်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၈၄၀၀၀၀) ကို လည်းကောင်း၊ သံတွဲမြို့၌ လိုင်စင်မဲ့ဆိုင်ကယ် ၄၄ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၈၀၀၀၀) ကို လည်းကောင်း၊ ကျောက်ဖြူမြို့၌ လိုင်စင်မဲ့ ဆိုင်ကယ် ၂၄ စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၃၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၁၃၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လက်ပံလှ-စဉ့်ကူး ယာယီစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုဇွန်နှစ်ကောင်တံဆိပ်ပါ စားအုန်းဆီ ၉၃၆ လီတာ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၆၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် DAF Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၈၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ စစ်တွေမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Carabao Energy Drink အချိုရည်ဘူး ၃၆၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၇၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ နိုဝင်ဘာ ၁ ရက်တွင် နေပြည်တော် ကောင်စီနယ်မြေ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိမြို့နယ် အတွင်း၌ တရားမဝင် အခြားသစ် ၄ ဒသမ ၄၆၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၅၈၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁ ရက်တွင် ဝေါမြို့နယ် သပြေကန်ရွာအနီး၌ လိုင်စင်မဲ့ Honda Fit ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀) ကို ပို့ကုန်သွင်းကုန် ဥပဒေအရ လည်းကောင်း၊ နိုဝင်ဘာ ၂ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင် သစ်မာ ၁ ဒသမ ၆၄၂ တန်နှင့် အခြားသစ် ၁ ဒသမ ၄၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၂၅၂၀) ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၂၂၅၂၀) ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၁၈၆၃၃၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၆၀ စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅၆၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ရုံးတုံးကျေးရွာအုပ်စု ကံစုကျေးရွာရှိ အိမ်ထောင်စု ၅၆ စုရှိ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းကော်မတီအဖွဲ့ ကွင်းဆင်းဆောင်ရွက်စဉ်။

မြို့နယ် (ပြန်/ဆက်)

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၃ ရက်မှ ၂၉ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၁၂၄ ဒသမ ၇၄၉၀ တန်၊ သစ်မာ ၁၄ ဒသမ ၁၇၈၆ တန်၊ အခြား ၆၇ ဒသမ ၇၉၉၈ တန် စုစုပေါင်း ၂၀၆ ဒသမ ၇၂၇၄ တန် သိမ်းဆည်းရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**



# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် နိုဝင်ဘာ ၂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားရှိပြီးဖြစ်ရာ ယနေ့တွင် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF အဖွဲ့မှ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်း ပေးအပ်ခြင်းကို မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော KIA နှင့် PDF အဖွဲ့ဝင် ၁၀ ဦးတို့သည် ၎င်းတို့နှင့်အတူပါလာသည့် AK-47 လေးလက်၊ KO လက်နက်ငယ် နှစ်လက်၊ AK-47 (၄၀)တွဲ တစ်လက်၊ 79 နှစ်လက်၊ စနိုက်ပါ တစ်လက်နှင့် ၅ ဒသမ ၅၆ ကျည်တောင့် ၄၅၀၊ ၇ ဒသမ ၆၂ စနိုက်ပါကျည်တောင့် ၁၅၀၊ ၄၀ မမ ဗုံးသီး ၂၉ လုံး၊ ကြိုးဆွဲလက်ပစ်ဗုံး ၁၆ လုံး၊ ကျည်အိမ်မျိုးစုံ ၂၇ ခုနှင့် ဆက်စပ်ပစ္စည်းများကို အပ်နှံကြရာ တိုင်းမှူးနှင့်တာဝန်ရှိသူများက လက်ခံရယူကြပြီး ထောက်ပံ့ငွေစုစုပေါင်းငွေကျပ် ၁၆၅ သိန်း ပေးအပ်သည်။ ထို့နောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများကို ဆက်လက်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်တစ်ဦးအား တာဝန်ရှိသူတစ်ဦးက ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

အလားတူ ပြစ်မှုကျူးလွန်ခြင်းမရှိသော ပဲခူးတိုင်းဒေသကြီး ပြည်မြို့မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့မှ PDF အဖွဲ့ဝင်အမျိုးသမီး တစ်ဦးတို့အား အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် သက်နှင်းညီနောင်တပ်နယ် မြဝတီခန်းမ၌ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်ပြီး ထောက်ပံ့ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လက်နက်/ ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ပေးအပ်လျက်ရှိခြင်းနှင့် လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တန့်ယန်းမြို့နယ် နမ့်လန်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်

တန့်ယန်း နိုဝင်ဘာ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပြည်သူလူထု၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဆောင်ရွက်ပေးလျက်ရှိရာ လုံမုံကျေးရွာအုပ်စု နမ့်လန်ကျေးရွာတွင် ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်နေကြောင်း သိရသည်။

အဆိုပါ နမ့်လန်ကျေးရွာ ဘက်စုံသုံးခန်းမကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နိုင်ငံတော်၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေမှ ငွေကျပ် ၁၅ သန်းနှင့် ကျေးရွာနေပြည်သူလူထုက လုပ်ငန်းတန်ဖိုး ပါဝင်မှုငွေကျပ်ခုနစ်သန်းတို့ဖြင့် အလျား၄၅ ပေ၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခိုင်မင်းထွန်းနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ဆောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။ မင်းလွင်ဦး(ပြန်/ဆက်)



# မော်လမြိုင်မြို့၌ လုံခြုံရေးဆိုင်ရာ အသိ/သတိရှိစေရေး ဟောပြောပွဲ ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၂

မွန်ပြည်နယ် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာနနှင့် မော်လမြိုင် မြို့နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ လုံခြုံရေးဆိုင်ရာ အသိ/ သတိရှိစေရေး ဟောပြောပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ KS Hotel ၌ ကျင်းပရာ မွန်ပြည်နယ် စီးပွားရေးရာ ဝန်ကြီး နိုင်လယိတမ၊ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ စက်သုံးဆီအရောင်းဆိုင် လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။




ဦးစွာ မွန်ပြည်နယ် စီးပွားရေးရာဝန်ကြီး နိုင်လယိတမက ဝန်ထမ်းများအနေဖြင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို သိရှိနားလည် သဘောပေါက်၍ လုံခြုံရေးသတိ/ လုံခြုံရေးအသိ စိတ်ဓာတ်ရှိရန် များစွာလိုအပ်ပြီး မိမိတို့၏ရုံးဌာန တစ်ခုလုံး လုံခြုံစိတ်ချစွာ လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရေး အတွက် လုံခြုံရေးဝန်ထမ်းများ အပြင် ဝန်ထမ်းများအားလုံး လုံခြုံရေးသတိအမြဲရှိစေရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇေယျာထွန်းက ဟောပြောပွဲ ဆောင်ရွက်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်သန်းက လုံခြုံရေးဆိုင်ရာ အသိ/ သတိ ရှိစေရေး ဟောပြောပွဲ အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှ လုံခြုံရေးဆိုင်ရာ အသိ/သတိရှိစေရေး လက်ကမ်းစာစောင်များကို တက်ရောက်လာသူများအား ဖြန့်ဝေပေးပြီး အမှတ်(၉၀၄) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ လုံခြုံရေးဆိုင်ရာ အသိ/သတိ ရှိစေရေး လုပ်ငန်းဆောင်ရွက်ချက်များကို Power Point ဖြင့် ပညာပေးဟောပြောခဲ့သည်။ ခရိုင်(ပြန်/ဆက်)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Sai Minmin Myo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၄)နေ စိုင်းမင်းမင်းမျိုး(ခ)လုံးလုံးအား ညနေ ၄ နာရီ၄၀ မိနစ်တွင်လည်းကောင်း၊ “U Lay Gyi” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြင်ဦးလွင်မြို့နယ် ဆင်လမ်းကျေးရွာနေ လှိုင်မိုးအား ညနေ ၅ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ “Hlaphone Myint” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၅၇)ရပ်ကွက်နေ လှဖုန်းမြင့်အား ည ၁၂ နာရီ ၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်မှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် ယနေ့နံနက်ပိုင်းတွင် ကိုကိုးကျွန်းမြို့နယ်ဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့များသည် ကိုကိုးကျွန်းမြို့ရှိပြည်သူ့ဆေးရုံတွင်အခြေပြု၍ ကိုကိုးကျွန်းမြို့မှ ဒေသခံပြည်သူ ၃၅၄ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စတင်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၃ ဦး၊ ခွဲစိတ်ရောဂါ ၂၉ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၅ ဦး၊ ကလေးရောဂါ ၁၇ ဦး၊ အရိုးရောဂါ ၄၀၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၃၀၊ မျက်စိရောဂါ ၁၀၂ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက် ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ကိုးဦး၊ ဓာတ်မှန်ရိုက်လူနာခုနစ်ဦးအာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၀၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၀ တို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေ မြို့နယ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်ရောက်ရှိနေသော တပ်မတော်နှင့်ကျန်းမာရေးဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော် မြစ်တွင်းသွား ဆေးရုံ ရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည့် ယနေ့တွင် ညောင်တုန်းမြို့နယ် အမှတ်(၁) ရပ်ကွက် သာသနာ့လင်္ကာရ ကျောင်းကြီးကျောင်းတိုက် ကုဏ္ဍလာရာမ သာသနာ့ဗိမာန်တော်တွင် အခြေပြု၍ ညောင်တုန်းမြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၇၃၅ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက် ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၅၂ ဦး၊ ခွဲစိတ်ရောဂါ ၇၃ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၀ ဦး၊ ကလေးရောဂါ ၂၄ ဦး၊ အရိုးရောဂါ ၁၀၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၃ ဦး၊ မျက်စိရောဂါ ၂၀၉ ဦးနှင့် သွားရောဂါ ၂၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ သုံးဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ တယ်လီဖေးရှင်းဓာတ်မှန်ရိုက်လူနာ ၅၀၊ ECG ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ရှစ်ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူ လေးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၈၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၃၅ | ၂၁၁၀ | ၂၂၁၀ | ၂၂၂၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၃၉၅ | ၂၈၆၀ |
| 95 Ron | ၂၁၉၀ | ၂၂၄၀ | ၂၂၃၅ | ၂၁၉၅ | ၂၂၃၅ | ၂၂၆၀ | ၂၂၄၅ | ၂၂၂၀ | ၂၃၂၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၇၅ | ၂၅၀၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၂၄၀ | ၂၂၈၅ | ၂၂၈၀ | ၂၂၄၅ | ၂၂၈၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၇၀ | ၂၃၉၀ | ၂၃၈၅ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၅ | ၂၃၂၅ | ၂၃၂၅ | ၂၅၅၅ | ၃၁၉၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၀၀ | ၂၃၉၅ | ၂၃၆၀ | ၂၃၉၅ | ၂၄၂၀ | ၂၄၁၅ | ၂၃၈၀ | ၂၅၀၀ | ၂၄၉၅ | ၂၃၉၀ | ၂၄၀၀ | ၂၄၃၅ | ၂၄၃၅ | ၂၄၄၀ | ၂၆၆၅ | ၃၂၅၀ |
| HSD (10 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၅ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၁၀ | ၂၅၀၅ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၅ | ၂၆၇၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၇၄ | ၂၀၄၇ |
| 95 Ron | ၂၀၈၀ | ၂၁၅၅ |
| HSD (500 ppm) | ၂၁၂၈ | ၂၂၀၀ |
| HSD (50 ppm) | ၂၂၃၆ | ၂၃၁၀ |
| HSD (10 ppm) | ၂၂၄၂ | ၂၃၁၇ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃-၁၁-၂၀၂၂ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(ဒုတိယပိုင်း)
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်–မြန်မာ အခန်းကဏ္ဍများ(အပိုင်း–၁၄)
- ၁၀:၅၀ လူ့ပူစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်လရောင်'** (အပိုင်း–၅)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်'** (အပိုင်း–၃)
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွှင့်ပျံ့အမှုန်း'** (အပိုင်း–၅၂)
- ၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
- ၁၇:၁၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ပြည်သူ့အကျိုးပြုတစ်လတာ(၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(တတိယပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်လရောင်'** (အပိုင်း–၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ "Myanmar-Korea Modern Musical Show" တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

### mitv

- 07:01 Evergreen Classic: Myat Day Thanar (Pan Ei Phyu)
- 07:09 Life of A Farmer
- 07:37 Tha Khut Salad (Myanmar Style)
- 07:50 Traditional Myanmar Lanterns
- 08:01 News
- 08:27 The Boat Trip to the Three Islands Around Ngwe Saung
- 08:44 Elephant Catching and Scaring Trip Mile Stone 26
- 09:01 Listening Pleasure, Instrumental Music (Xylophone) Misty Fog in Early Summer (Pariyesana)
- 09:12 Thilawa SEZ Thriving Model Special Economic Zone
- 09:40 The Art of Sand Painting
- 09:50 Myanmar Traditional Snacks: Sago Syrup with Sweet Potato
- 10:01 News

### MRTV NRC

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** ငါးပယ်ခြစ်မရပ်ပြားချက်
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** ရွှေကြိုင်မြို့တော်
- **ဝ (၁၂:၀၀ မှ ၁၄:၀၀)** 'ဝ' ဘာသာစကားပြောကြရအောင် (အသီးအနှံဆိုင်ရာ အခေါ်အဝေါ်များ)
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** ရဝမ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့်
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** မြင်တွေ့စေချင်ကယားတို့ဌာနေကယားတိုင်းရင်းသားတို့စံပျော်ရာပန်ပက်ရွာ
- **ဂေဘာကရင် (၁၈:၀၀ မှ ၁၉:၀၀)** တောင်ပေါ်ဒေသသဘာဝပျားမွေးလုပ်ငန်း
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** သဘာဝမိကျောင်းများပျော်စံရာမိန်းမလှကျွန်း
- **အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ဩဇာသီးအကျိုးကျေးဇူး
- **ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)** ကျန်းမာရေးအတွက်ကောင်းကျိုးများသည့်မဟာကကြံဆစ်
- **ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** ချင်းအမျိုးသမီးများ၏ပါးရဲထိုးခြင်းဓလေ့

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်–မြန်မာ အခန်းကဏ္ဍများ(အပိုင်း–၁၃)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၁၅ ရသစုံစွာ၍မြေကမ္ဘာ
- ၁၁:၄၅ ရတနာအလားကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'ကျောင်းမှန်မှန်တက်စာမသက်'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM စကားဝိုင်း (MWD)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း–၁၀)
- ၁၈:၀၀ Economic Review (အပိုင်း–၂၆) (မြန်မာ့သတ္တုကဏ္ဍ)

### MRTV FARMERS

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၂၀ ဆွေးနွေးကြမယ်စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Puss in Boots: The Last Wish (2022) (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ How Texas Farmers Use 127 Million Acres of Farmland-America Farming Documentary
- ၂၃:၀၀ First Ever Tour of My New Garden

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၀ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Soccer View

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm



# မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်နှင့် သကျမုနိဘုရားသိမ်တော်ကြီးအား ပြန်လည်ပြုပြင်

နေပြည်တော် နိုဝင်ဘာ ၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိစဉ် ခရီးစဉ်၌ မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်တွေမြို့ရှိ ရှေးဟောင်းသမိုင်းဝင် ဦးရဲကျော်သူကျောင်းတိုက်၊ ပင်မကျောင်းဆောင်နှင့် ကျောင်းတိုက်အတွင်းရှိသကျမုနိဘုရားသိမ်တော်ကြီးတို့အား မူလလက်ရာအတိုင်း ရှေးမူမပျက် အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန် လမ်းညွှန်မှာကြားချက်အရ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက ပြန်လည်ပြုပြင်ရေးအဖွဲ့ တာဝန်ရှိသူများနှင့်အတူ အဆိုပါ ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တ ဇောတိပါလအား ပင်မကျောင်းဆောင်နှင့် သကျမုနိဘုရားသိမ်တော်ကြီးတို့အား ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ သိမ်တော်ကြီးအတွင်း အရောင်မတူ ပျက်စီးနေသည့် ကြွေပြားဟောင်းများခွာ၍ ကြွေပြားအသစ်များ အစားထိုးပြုပြင်ခြင်း၊ အတွင်း/အပြင် မီး-ရေ လိုင်းများ ပြုပြင်ခြင်း၊ ဘုံလေးဆင့်အတွင်း အမိုးဖရိန်နှင့် အတက်အဆင်းလှေကားများပြုပြင်ခြင်း၊ သံပန်းနာရီစင်အား မူလအတိုင်း အချိန်နှင့် အသံညွှန်ပြမှုပါရှိအောင် အစားထိုး ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများနှင့်ပတ်သက်၍ လျှောက်ထားတင်ပြ ဖူးမြော်ကန်တော့ကြရာ ဆရာတော်က ဝမ်းမြောက်စကားပြန်လည် မိန့်ကြားသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက ကျောင်းတိုက် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြပြီး ပင်မကျောင်းဆောင်နှင့် သကျမုနိဘုရားသိမ်တော်ကြီးအား ရှေးမူမပျက် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး အရန်သင့် ပြင်ဆင်ထားရှိ

နေပြည်တော် နိုဝင်ဘာ ၂

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ဝင်ရောက်လာသူများအား လက်ခံရေးအတွက် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်း၊ ငါးခူရပြန်လည်လက်ခံရေးစခန်းနှင့် ပြန်လည်ဝင်ရောက်လာသူများ ယာယီနေထိုင်မည့် လှဖိုးခေါင်ကြားစခန်းတို့ကို ဖွင့်လှစ်ထားရှိသည်။

အဆိုပါ စခန်းများအနက် တောင်ပြိုလက်ဝဲ ပြန်လည်လက်ခံရေးစခန်းနှင့် ငါးခူရပြန်လည်လက်ခံရေး စခန်းတို့သို့ နေရပ်စွန့်ခွာသူများ ရောက်ရှိလာပါက လူတစ်ဦး တစ်ရက်လျှင် စားစရိတ် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ထောက်ပံ့နိုင်ရေးအတွက် ရန်ပုံငွေခွင့်ပြုထားပြီး လူသုံးကုန်ပစ္စည်း (ကျားလုံချည်/ မလုံချည်၊ စောင်၊ တီရှပ်၊ ဆပ်ပြာ) တို့ကို လူဦးရေအလိုက် ထောက်ပံ့နိုင်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက တောင်ပြိုလက်ဝဲပြန်လည်လက်ခံရေးစခန်း၊ ငါးခူရ ပြန်လည် လက်ခံရေးစခန်း၊ စစ်တွေခရိုင် ဦးစီးမှူးရုံးနှင့် မောင်တောခရိုင် ဦးစီးမှူးရုံးတို့တွင် အရန်သင့်ထားရှိသည်။

ထို့ပြင် လှဖိုးခေါင်ကြားစခန်းတွင် ပြန်လည်ဝင်ရောက်လာသူများ ယာယီနေထိုင်စဉ် လူတစ်ဦး တစ်လအတွက် တစ်ယူနစ်နှုန်း (ဆန် ရှစ်ပြည်၊ ဆီတစ်လီတာ၊ ဆား သုည ဒသမ ၂၅ ပိဿာ၊ ကုလားပဲခြမ်း ၁ ဒသမ ၅ ပိဿာ) ထောက်ပံ့နိုင်ရေးအတွက် ရန်ပုံငွေခွင့်ပြုထားပြီး စခန်း၌ စုစုပေါင်း ယူနစ် ၅၀၀ စာကို အသင့်ဝယ်ယူသိုလှောင် ထားရှိသည့် အပြင် မီးဖိုချောင်သုံးပစ္စည်းစုံ (Kitchen Set) ၃၁၉၁ စုံ၊ မိသားစုပစ္စည်းစုံ (Family Kits) အစုံ ၆၀၀ ကို လှဖိုးခေါင်ကြားစခန်းနှင့် မောင်တောခရိုင် ဦးစီးမှူးရုံးတို့တွင် အရန်သင့်ထားရှိပြီး မိသားစုတစ်စုလျှင် တစ်စုံနှုန်း ထောက်ပံ့သွားမည်ဖြစ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ သိရသည်။ သတင်းစဉ်

# သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန် နိုဝင်ဘာ ၂

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများ အသင်း အသက် ၈၀ နှင့်အထက် ဆရာသမားများနှင့် အသင်းဝင်သက်ကြီးဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲအတွက် ဒေါ်စန်းမြင့်မြင့် + (ဦးဇော်ဝင်း)က အလှူငွေကျပ်တစ်သိန်း၊ နယူးလိုက်ဝန်ထမ်းဟောင်း ဒေါ်စန်းမြင့် (ခေတ္တဂျပန်)က အလှူငွေကျပ်တစ်သိန်း၊ ဒေါ်ခင်မော်စိုး (လ/ထမန်နေဂျာ-ငွေ) (ငြိမ်း) က အလှူငွေကျပ်တစ်သိန်း၊ ကိုယ်ပွားသတင်းစာတိုက် (မန္တလေး)တာဝန်ခံ ဦးလှခိုင်(စာတည်းမှူး)+ဒေါ်အေးအေးမူက အလှူငွေကျပ်ငါးသောင်း၊ ဦးစိုးမင်း (စာတည်း) (ငြိမ်း)က အလှူငွေကျပ်ငါးသောင်း၊ ဦးစိန်ဝင်း (စီး/ကူး) + (ဒေါ်မာမာအေး) က အလှူငွေကျပ် ငါးသောင်း၊ မြန်မာ့အလင်းသတင်းစာတိုက်မှ မန်နေဂျာ ဦးဇော်မင်းက အလှူငွေကျပ်ငါးသောင်း၊ ဒေါ်မြအေး(ဝန်ထမ်းဟောင်း)၊ ဒေါ်မြင့်မြင့်စိန် (ငွေ/ရှိ)၊ ဒေါ်မြင့်မြင့်သန်း (ပုံနှိပ်ကျွမ်းကျင်) တို့က အလှူငွေကျပ် သုံးသောင်းစီ၊ ဦးစိုးထူး (စာရင်းကိုင်-၁)၊ ဒေါ်ကေဇင်လတ် (ရုံးအုပ်) တို့က အလှူငွေကျပ် နှစ်သောင်းစီ၊ ဦးဝင်းနိုင်၊ ဦးထွန်းထွန်းလင်း (ပုံ/ရှိ)၊ ဦးနှင်းမိုး + ဒေါ်ခင်စုစုအောင်၊ ဒေါ်ခင်ခင်ပြုံး၊ ဒေါ်သက်သက်လှိုင်၊ ဒေါ်ယုယုလှ၊ ဒေါ်အိမွန်ကျော်နှင့်စီမံဌာနမှ ဝန်ထမ်းများက စုပေါင်းအလှူငွေကျပ် ၆၃၀၀၀၊ ဒေါ်ခင်သိန်းဝင်း (လ/ထမန်နေဂျာ)က အလှူငွေကျပ်သုံးသောင်း စုစုပေါင်း အလှူငွေကျပ် ၇၃၃၀၀၀ ကို နိုဝင်ဘာ ၁ ရက် မွန်းလွဲပိုင်းက မြန်မာ့အလင်းသတင်းစာတိုက်တွင် လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့် အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

အေးသန်း (စိန်တုံးကြီး)

■

# ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများ ပို့ဆောင်

နေပြည်တော် နိုဝင်ဘာ ၂

အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှု၊ ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ပြန်လည်ထူထောင်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV MCL-5 ရေယာဉ်သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံမှ ပေးပို့သည့် ဆန် ၂၄ ပြည်အိတ် ၄၀၀၀၀ နှင့် စည်သွတ်ဘူး၊ ငါးသေတ္တာ၊ ခေါက်ဆွဲခြောက်နှင့် အချိုရည်စသော အသင့်စား



သောက်နိုင်သည့် စားသောက်ကုန်ပစ္စည်းများ အပါအဝင် စုစုပေါင်း ၂၀၅၆ ဒသမ ၅၁ တန် တင်ဆောင်၍ ယနေ့ညနေပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်

### ပုလောမြို့နယ်၌ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများကို အားကစားလေ့ကျင့်ပေးလျက်ရှိ

ပုလော နိုဝင်ဘာ ၂

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများမှ အသက် ၁၈ နှစ်နှင့်အောက် ကျောင်းသား ကျောင်းသူများအား မြို့နယ်အဆင့် ရွေးချယ်၍ နိုဝင်ဘာ ၁ ရက်မှစ၍ ပုလောမြို့နယ် မြို့မအားကစားကွင်းအတွင်း လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့နယ်အဆင့် အခြေခံပညာကျောင်းသား အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော စသည့် အားကစားနည်း ခုနစ်မျိုးပါဝင်ကြောင်းနှင့် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူ ၁၂၅ ဦးကို နည်းပြ ခုနစ်ဦးဖြင့် တိုင်းအဆင့် အခြေခံပညာကျောင်းသားအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် နေ့စဉ် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ အေးအေးမော်(ပုလော)



### ဘင်္ဂလား ပင်လယ်အော် အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၂

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# ၂၀၂၃ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းများ အမြို့မြို့အနယ်နယ်၌ ဆောင်ရွက်

**မြဝတီ**

ကရင်ပြည်နယ် မြဝတီမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြဝတီမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမင်းဝင်းအောင်က တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရခြင်း ရည်ရွယ်ချက်နှင့် စာရင်းကောက်ယူမည့် ပုံစံအချက်အလက်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါတိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းကို မြဝတီမြို့နယ်တွင် နိုဝင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**






**ပြည်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ခရိုင်အတွင်း မြို့နယ်များ၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်း ဖွင့်ပွဲအခမ်းအနားကို ပြည်ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာစိုးလင်းက ပြည်ခရိုင်အတွင်း တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သာယာရပ်ကွက်၌ စာရင်းကောက်ယူရေးအဖွဲ့များ၏ စတင်စာရင်းကောက်ယူခြင်းကို ခရိုင်နှင့် မြို့နယ်စာရင်းကောက်ကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**



**ကျိုက်မရော**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ကြသည်။

အဆိုပါ စာရင်းကောက်ယူရာတွင် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်စိုးလင်း ဦးဆောင်မှုဖြင့် စာရင်းကောက်အဖွဲ့များက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းပုံစံပါ လူတွေ့မေးမြန်းခြင်းဆိုင်ရာ အချက်အလက်များ၊ မွေးမြူထားသည့် တိရစ္ဆာန်ကောင်ရေနှင့်အမျိုးအစား၊ နှစ်လအောက်နှင့် နှစ်လမှ ခြောက်လအထိ၊ ခြောက်လအထက် အထီး အမ၊ စုစုပေါင်း ကျွဲ၊ နွားများ၊နို့ညှစ်ခြင်းဆိုင်ရာ အချက်အလက်များ၊ ကြက်၊ ဘဲ၊ ငုံး၊ မွေးမြူခြင်းဆိုင်ရာများ၊ မျိုးရင်းခြံ၊ မွေးမြူရေးခြံတည်ရှိမှုအစရှိသည့် အချက်အလက်များကို ကောက်ယူကြကြောင်း သိရသည်။

**မိချို(ပြန်/ဆက်)**

**သာစည်**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ တိကျမှန်ကန်သော တိရစ္ဆာန်ကောင်ရေစာရင်းများရရှိနိုင်ရန် မြေပြင်စာရင်းကောက်အဖွဲ့များက နိုဝင်ဘာ ၁ ရက် နံနက်ပိုင်းတွင် ကပ်ကျေးအင်းကျေးရွာအုပ်စု၌ စတင်ကောက်ယူကြောင်း သိရသည်။

တိရစ္ဆာန်ကောင်ရေစာရင်းများကောက်ယူရာ၌ အဆိုပါကျေးရွာရှိ အိမ်ထောင်စု ၁၀၇ စုအား မြို့နယ်ရုံးဝန်ထမ်းများနှင့် စာရင်းကောက်များက Commcare Application ကို Mobile Phone တွင် ထည့်သွင်းအသုံးပြုပြီး အချက်များကောက်ယူရာ မိတ္ထီလာခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာခင်မောင်ဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးလုပ်ငန်းကော်မတီဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သာစည်မြို့နယ်တွင် မြို့နယ်ရုံးဝန်ထမ်းများနှင့်စာရင်းကောက်အဖွဲ့ ၁၀ ဖွဲ့တို့က မြို့နယ်၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ရပ်ကွက်တစ်ခုနှင့် ကျေးရွာ ၅၁ ရွာကို တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူသွားမည်ဖြစ်ပြီး ကျန်သည့် ၈၀ ရာခိုင်နှုန်း ရပ်ကွက်နှင့်ကျေးရွာများကို စီးပွားဖြစ်မွေးမြူရေးခြံစာရင်းကောက်ယူမည်ဖြစ်ကြောင်းနှင့် ဒီဇင်ဘာလကုန် အပြီးကောက်ယူမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



**ကြို့ပင်ကောက်**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနကဦးဆောင်၍ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ ရက်မှစ၍ စာရင်းကောက်အဖွဲ့များခွဲကာ ဆောင်ရွက်လျက်ရှိရာ မြို့နယ်ကော်မတီအဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်အတွင်းရှိ ကျေးရွာ ၅၄ ရွာနှင့် မြို့ပေါ်ရပ်ကွက်နှစ်ခုတို့တွင် အမျိုးသားအဆင့် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်းဆင့်ပွားသင်တန်းတက်ရောက်ခဲ့ကြသော ကျေးရွာတာဝန်ခံများက ဒီဇင်ဘာ ၃၁ ရက်အထိ အိမ်တိုင်ရာရောက်စာရင်းကောက်ယူခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူမှု စတင်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ကွန်းကလေးကျေးရွာ လယ်ပေါ်ကျောင်းတိုက်ဓမ္မာရုံ၌ ကျင်းပရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာအောင်မြင့်ဟန်က တိရစ္ဆာန်ကောင်ရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူမှုနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ညွန့်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ မွေးမြူထားသည့် ပိုင်ရှင်များထံမှ ကျွဲ၊ သိုး၊ ဆိတ်၊ နွား၊ ကြက်၊ ဝက်၊ မြင်း၊ ဘဲ၊ နွားနောက်နှင့် ခွေး တိရစ္ဆာန်ကောင်ရေစာရင်းကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများ၊ မြေပြင်တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူသူများနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းကောက်ယူခဲ့ကြကြောင်း သိရသည်။

**ဥာဏ်ဟိန်း**



**မိုးနဲ**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ ရှင်းလင်းပွဲကို နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာညွန့်နိုင်က ပြည်တွင်း အသားစားသုံးမှုတွင် အစားအစာဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော သားငါးရိက္ခာဖူလုံစေရန်၊ ပြည်တွင်း/ပြည်ပဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော မွေးမြူထုတ်လုပ်မှုအစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရန်၊ မွေးမြူရေးကဏ္ဍ စနစ်တကျဖွံ့ဖြိုးလာစေရန် လုပ်ငန်းများ၊ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးညွန့်ရွှေ**



❂ ကျော်ဖုံးမှ

နိုင်ငံခြားဘာသာတက္ကသိုလ်(ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)တို့မှ ကျောင်းသားကျောင်းသူများက နှစ်နိုင်ငံအလံများ ဝှေ့ယမ်း၍ လည်းကောင်း၊ အဆိုတော်များ၏ ဓာတ်ပုံပါစာတန်းများ ကိုင်ဆောင်၍ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီစဉ်သည့် မြန်မာ့ရိုးရာအိုးစည်ဒိုးပတ်အဖွဲ့ဖြင့် လည်းကောင်း လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ရန်ကုန်မြို့ Lotte ဟိုတယ်တွင် တည်းခိုကြမည်ဖြစ်ပြီး နိုဝင်ဘာ ၃ ရက် ညပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Friday Night Live Show ၌ ပါဝင်ဖျော်ဖြေမည်ဖြစ်သည်။

**သတင်းစဉ်**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် MRTV(HD) Channel မှ Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိရာ ယခုအခါ (၃-၁၁-၂၀၂၃)ရက်(သောကြာနေ့)ညတွင် ကိုရီးယား-မြန်မာယဉ်ကျေးမှုဖလှယ်ရန်နှင့် ချစ်ခင်ရင်းနှီးမှုတိုးမြှင့်နိုင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံမှ အနုပညာရှင်များနှင့် ကိုရီးယား K-Pop အနုပညာရှင်များ ပူးပေါင်း၍ Live Show တေးသီချင်း ဖျော်ဖြေမှုအစီအစဉ်ကို "Myanmar – Korea Modern Musical Show" ဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၃-၁၁-၂၀၂၃)ရက်နေ့တွင်**
**မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ**
**"Myanmar-Korea Modern Musical Show"ဖျော်ဖြေပွဲခေါင်းစဉ်ဖြင့်**
**ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၅)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | သကြ်ဳန်မိုး | ပြင်ပအဆိုရှင် |
| ၂။ | I Will Show You | ပြင်ပအဆိုရှင် |
| ၃။ | အပျိုကြီး | ပြင်ပအဆိုရှင် |
| ၄။ | အင်းပါ | ပြင်ပအဆိုရှင် |
| ၅။ | သဘာဝအချစ်နဲ့ပန်းသီး | ပြင်ပအဆိုရှင် |

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ Friday Night Live Show တွင် ပါဝင်ဖျော်ဖြေကြမည့် ကိုရီးယားအနုပညာရှင်များနှင့်အဖွဲ့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြစဉ်။



## သနပ်ပင်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်

**သနပ်ပင် နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ဦးဆောင်၍ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းကို သနပ်ပင်မြို့နယ် ကမာဖရန်ကျေးရွာတွင် ယမန်နေ့က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် သနပ်ပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအေးအေးအောင်က တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူမည့် ဝန်ထမ်းများနှင့် ကောက်ယူမည့် နည်းစနစ်များ သတ်မှတ်ခြင်း၊ နေရာဒေသသတ်မှတ်ခြင်း၊ စာရင်းကောက်ယူမည့် မေးခွန်းလွှာအား မေးမြန်းဖြည့်သွင်းခြင်း၊ ဖြေကြားသူ၏ အိမ်ထောင်စုဆိုင်ရာ အချက်အလက်များ၊ ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဆိတ် မွေးမြူရေးနှင့် ပတ်သက်သည့် ကောက်ယူရမည့်အချက်များ စာရင်းကောက်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

သနပ်ပင်မြို့နယ်အတွင်း တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁ ရက်မှစတင်ကာ တစ်လအတွင်း ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

❍ MNL မှ

နှစ်သင်းစလုံး အမာခံကစားသမား အများစုဖြင့် ပွဲထွက်လာပြီး ပွဲစကတည်းက တိုက်စစ်ဦးစားပေးကစားခဲ့သည်။ အမှတ်လိုနေသည့် ကချင်ယူနိုက်တက်အသင်းသည် တိုက်စစ်အသားပေးကစားခဲ့ပြီး ဂိုးသွင်းခွင့်များ ရသော်လည်း အသုံးမချနိုင်သဖြင့် နစ်နာခဲ့ရပြီး ပထမပိုင်းအပြီးတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင်လည်း ကချင်ယူနိုက်တက်အသင်းက ပိုဖိကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်များရသော်လည်း အသုံးမချနိုင်ခဲ့ပေ။ ၈၁ မိနစ်တွင် မြဝတီအသင်းအနိုင်ဂိုးရခဲ့ပြီး ဟိန်းဇေယျာမင်းက အဝေးကန်ချက်ဖြင့် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို အနိုင်ဂိုးသွင်းယူခဲ့သည့် ဟိန်းဇေယျာမင်းက ရရှိသည်။ ယခုပွဲအပြီးတွင် မြဝတီအသင်းက ၂၂ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ် ရရှိထားသည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် GFA အသင်းနှင့် ရှောဝတီအသင်း တစ်ဂိုးစီသရေကျခဲ့သည်။ ရှောဝတီအသင်းအတွက် ၇ မိနစ်တွင် ပီတာအောင်ဝေထူးက ဦးဆောင်ဂိုး သွင်းယူသော်လည်း ၅၈ မိနစ်တွင် သန်းတိုးအောင်က GFA အတွက် ချေပဂိုးသွင်းယူခဲ့သည်။ ယခုပွဲအတွက်အကောင်းဆုံးဆုကို ရှောဝတီအသင်းမှ ရာဇာအောင်က ရရှိသည်။ ယခုပွဲအပြီးတွင် ရှောဝတီအသင်းက ၁၉ မှတ်၊ GFA အသင်းက ၁၂ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၉) တတိယနေ့အဖြစ် နိုဝင်ဘာ ၃ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက် အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MNL**

❒ လက်ရှိချန်ပီယံမှ

နယူးကာဆယ်အသင်းအနေနဲ့ ကာရာဘောင်ဖလားပြိုင်ပွဲနောက်တစ်ဆင့်မှာ ချယ်လ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ချယ်လ်ဆီးအသင်းဟာ ကာရာဘောင်ဖလားစတုတ္ထအဆင့်မှာ ဘလက်ဘန်းအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခြားသောကာရာဘောင်ဖလားစတုတ္ထအဆင့်ပွဲစဉ်တွေမှာတော့ ဖူလ်ဟမ်အသင်းက အစ်ဆွစ်အသင်းကို သုံးဂိုး-တစ်ဂိုး၊ အဲဗာတန်အသင်းက ဘန်လေအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ချယ်လ်ဆီးအသင်းက ဘလက်ဘန်းအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ လီဗာပူးအသင်းက ဘုန်းမောက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီးအနိုင်ရရှိခဲ့ပြီး ကာရာဘောင်ဖလားပြိုင်ပွဲရဲ့ နောက်တစ်ဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**


ကမ္ဘာ့ရေးရာ Global Affairs အမှတ်(၂၂) (အောက်တိုဘာ၊ ၂၀၂၃) ထွက်ပြီ



"ကမ္ဘာ့ပထဝီနိုင်ငံရေးပေါင်းစည်းမှု သို့မဟုတ် BRICS ၏ အနာဂတ်နှင့် အခွင့်အလမ်းများ"

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ်- ၂၂ တွင်
- BRICS ၏ အနာဂတ်နှင့် အခွင့်အလမ်းများ
- ၂၀၂၃ ခုနှစ် အစ္စရေး-ဟားမားစ် ပဋိပက္ခ၏ ရိုက်ခတ်မှုများ
- ဘာလင်၏ သိမ်မွေ့စွာ ချိန်ခွင်လျှာညှိနေသော အခင်းအကျင်း
- ကမ္ဘာတစ်လွှား အစွန်းရောက်အကြမ်းဖက်အန္တရာယ် ဖြစ်ရပ်များ
- အသည်းအလုပ်မလုပ်တော့သူတွေအတွက် သွေးသန့်စင်စက်
- ထိုင်းနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးကို လေ့လာခြင်း
- AI ၏ စိုးရိမ်ဖွယ် အန္တရာယ်များ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၇၅၆၈


## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၄ -၁၁ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၅)၊ အမှတ်(၄၄)တွင် ဂမ္ဘီရတောကြီးထဲရှိ တိရစ္ဆာန်များကို ဒုက္ခပေးသော ဖွတ်နဂါးကြီးကို ဘော်ဘော်နှင့်အဖွဲ့က ဝိုင်းဝန်းတိုက်ထုတ်လိုက်သည့်အကြောင်း တင်ဆက်ထားသည့် "ကိုမိုဒိုနဂါး"မျက်နှာဖုံးဇာတ်လမ်း၊ မြောင်းထဲကျသွားသည့် ခွေးလေးကို ကယ်ပေးလိုက်သည့် နီမနှင့်ပုပုတို့သည် ထိုစေတနာ၏ အကျိုးကိုခံစားရကြောင်း တင်ဆက်ထားသည့် "နှစ်ယောက် အတူတူ" နှစ်မျက်နှာကာတွန်း၊ စာမေးပွဲဖြေဆိုရမည့် မောင်ဖိုးထူးကို မိသားစုဝင်များက စိုးရိမ်စိတ်ဖြင့် တစ်ယောက်တစ်မျိုး မှာကြားသည့်အတွက် စိတ်ရှုပ်သွားသည့်အကြောင်း တင်ဆက်ထားသည့် "ဖိုးထူးနဲ့မိချော-မေ့ကုန်ပြီ"တစ်မျက်နှာ ကာတွန်း၊ မြန်မာလူမျိုးဖြစ်သည့်အတွက် မြန်မာစာကို ကျွမ်းကျင်အောင် တတ်မြောက်သင့်ပုံ၊ မြန်မာစာပေဖြင့် လူမျိုးဂုဏ်ကို မြှင့်တင်သင့်ပုံနှင့် စာကိုကြိုးစားသင့်ပုံအကြောင်း တင်ဆက်ထားသည့် "အမြတ်နိုးဆုံးအရာ" နှစ်မျက်နှာကာတွန်း၊ ငှက်သံတွေကိုကြားချင်ပါက ငှက်လှောင်အိမ်ဝယ်စရာမလိုဘဲ သစ်ပင်ပျိုးပင်များ စိုက်ပျိုးသင့်ကြောင်း တင်ဆက်ထားသည့် "ဖိုးလပြည့်"မျက်နှာဝက် ကာတွန်း၊ ကျောင်းတက်ရာတွင် ပညာကို ကြိုးစားသင်ယူသင့်ပုံ၊ စာမတတ်သူ ပပျောက်စေရေးအတွက် ဝိုင်းဝန်းကူညီဖေးမသင့်ပုံ၊ သက်ကြီးရွယ်အိုများကိုလည်း စေတနာနှင့် သင်ကြားပေးသင့်ပုံ၊ လူတိုင်းစာတတ်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်ပုံကို ရေးဖွဲ့ထားသည့် "စာတတ်မြောက်ရေး ဝိုင်းကူပေး" ကဗျာကဏ္ဍ၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍအပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂-၁၁-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၁၂၀။ | ဒုတိယဗိုလ်မှူးကြီးမောင်မောင်သန်း(ငြိမ်း) နှင့်ဇနီး ဒေါ်ဥဥစိန်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၇၁၂၁။ | ဦးငွေးနိုင်နှင့်ဇနီး ဒေါ်မြဇိုင်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
| ၇၁၂၂။ | ဦးသူရနှင့်ဇနီး ဒေါ်စန်းနွဲ့ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၂၃။ | ဦးတင်ဝင်းနှင့်ဇနီး ဒေါ်တင်တင်ပြုံးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၂၄။ | ဦးဖားဒါးနှင့်ဇနီး ဒေါ်နန်းမယ်ရှင်၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၂၅။ | ဦးစောမျိုးဇော်ထွန်းနှင့်ဇနီး ဒေါ်နန်းရီရီဝင်း၊ (သမီးကြီး)မနန်းအေးမြမြရှင်၊(သမီးငယ်) မနန်းခင်မြမြစင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၂၆။ | ကွယ်လွန်သူဖခင်ကြီး ဦးချမ်းငြိမ်းနှင့် မိခင်ကြီး ဒေါ်စိန်ကြည်၊ (ခင်ပွန်း) ဦးမြိုင်အောင်၊ (သားကြီး) ဦးတေဇာလင်းတို့အား ရည်စူး၍ ဒေါ်တင်တင်ကြည်နှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၂၇။ | ဒေါ်ကြည်ကြည်စိုးနှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၂၈။ | ဦးသက်မြင့်ဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၂၉။ | ကွယ်လွန်သူ ဦးလှရွှေအားရည်စူး၍ ဦးကျော်ထိုက်ရွှေ နှင့်ဇနီး ဒေါ်အေးသန္တာအောင်၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၃၀။ | ကွယ်လွန်သူနှစ်ဖက်မိဘများနှင့် ဦးကျော်ရင်အား ရည်စူး၍ ဒေါ်ခင်မာဦးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၃၁။ | ဒေါ်ယဉ်ယဉ်ငွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၃၂။ | အောင်သပြေရောင်တော်ဖွင့်အဖွဲ့ကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၃၃။ | ဒေါ်မဥ္စူ ၊ ဒေါ်တင်ငွေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၃၄။ | ဒေါ်သန်းလှ(ထွေ/အုပ် -ငြိမ်း)ကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၃၅။ | ခင်ပွန်း ဦးကောက်ကောက်နှင့် သား မောင်ဟိန်းထက် တို့အားရည်စူး၍ ဒေါ်မြင့်မြင့်ကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၃၆။ | ဦးဇော်ဝင်းနှင့်ဇနီး ဒေါ်စိုးစိုး၊ သား၊ သမီး၊ မြေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၃၇။ | ဦးစန်းလွင်နှင့်ဇနီး ဒေါ်ယဉ်ယဉ်သိန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၃၈။ | ဦးသန်းထွန်းအောင်နှင့်ဇနီး ဒေါ်မို့မို့နွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၁၃၉။ | ဗိုလ်ကြီးဒေါင်းယဉ်(ငြိမ်း) မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၄၀။ | ဦးမျိုးလွင်နှင့်ဇနီး ဒေါ်ခင်ဆွေရင် ၊ (သား)ဒေါက်တာမျိုးထက်အေး၊ ဒေါက်တာသပြေခိုင်ဇာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၄၁။ | ကိုနေမျိုးသူနှင့်ဇနီး မနွေးနွေးအောင်၊ (သမီး)မချမ်းလင်းလဲ့သူ၊ (သား)မောင်အောင်စစ်ပိုင်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၄၂။ | ကွယ်လွန်သူ ဦးလှကြည်နှင့် ဒေါ်တင်ညွန့်၊ ဦးမြင့်ဦး၊ ဦးချစ်လွင်၊ ဒေါ်သန်းသန်းငွေ၊ ဦးနေထွန်းလင်းတို့အားရည်စူး၍ ဒေါ်ရီရီ၊ ဒေါ်တင်တင်၊ ဦးမောင်မောင်မြင့်၊ သား၊ သမီး၊ မြေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၄၃။ | ဆရာတော် ဦးဆေကိသာရကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၄၄။ | ဒေါ်မိုးမိုးထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၁၄၅။ | ဦးညဏ်လင်းမြင့်နှင့်ဇနီး ဒေါ်နော်သဇင်မိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၄၆။ | ဦးတင်မောင်နှင့်ဇနီး ဒေါ်အေးကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၄၇။ | ကွယ်လွန်သူ ဒေါ်မြသိန်းအားရည်စူး၍ ဦးလှမောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၄၈။ | ဦးတင်ထွေးနှင့်ဇနီး ဒေါ်လင်းလင်းထိုက်၊ (သား)မောင်အောင်ကောင်းမွန်၊ မောင်မင်းခန့်ကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၄၉။ | ဦးလှိုင်ဝင်းနှင့်ဇနီး ဒေါ်စန်း၊ (သား) မောင်မောင်နိုင်၊(သမီး) မသိမ့်ဇာဇာလှိုင်၊ မကြူကြူသင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၅၀။ | ဒေါ်သက်သက်မော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၅၁။ | ဦးအောင်ကျော်မြင့်နှင့်ဇနီး ဒေါ်မိုးမိုး၊ (သမီး) မဆောင်းဇကရီလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၅၂။ | ဦးကျော်မြင့်ဝင်းနှင့်ဇနီး ဒေါ်ခင်နှင်းဆီ၊ (သား) မောင်တိုးအောင်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၁၅၃။ | ဒုတိယဗိုလ်မှူးကြီးစောရဲမင်းနှင့်ဇနီး ဒေါ်မေကလျာစိုး၊ (သားကြီး) မောင်သူထက်ကို၊ (သားငယ်) မောင်အောင်ပြည့်သျှန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၅၄။ | ဦးကျော်ထိုက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၅၅။ | တပ်ကြပ်ကြီးကျော်နိုင်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်နီနီအေး၊ (သား)မောင်အောင်ကျော်ကျော်၊ မောင်ဘုန်းခန့်သွေး၊ မောင်ရဲရင့်သွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၅၆။ | ဦးအောင်မြင့်ဗိုလ်နှင့်ဇနီး ဒေါ်မိုးသူဇာမြင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၅၇။ | ဦးဘကောင်းနှင့် ဒေါ်ကိုကြည်အားရည်စူး၍ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၅၈။ | ကိုဇော်ဝင်းနှင့်ဇနီး မနီလာမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၅၉။ | ကွယ်လွန်သူ ဦးဝင်းနှင့် ဒေါ်ကြည်စိန်အား ရည်စူး၍ ဦးမြင့်နှင့်ဇနီး ဒေါ်ဖြူဖြူဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၆၀။ | ဦးငွေးဦးနှင့်ဇနီး ဒေါ်မူမူထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၆၁။ | ဦးတင်အောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၆၂။ | ဦးစိန်မောင်နှင့်ဇနီး ဒေါ်လှကျင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၆၃။ | ဦးအေးမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၆၄။ | ဦးတင်အောင်နှင့် ဒေါ်ဝင်းရီတို့အားရည်စူး၍ ဦးဇော်မိုးဟိန်းနှင့်ဇနီး ဒေါ်တင်ဇာဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၆၅။ | ဒေါ်ဝင်းဝင်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၆၆။ | ဗိုလ်မှူးလှိုင်ဘွားနှင့်ဇနီး ဒေါ်ရွှေစင်အိ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၆၇။ | ဦးရဲစိုးအောင်နှင့်ဇနီး ဒေါ်စိုးစိုးရည်၊ (သမီး) မအေးချမ်းမိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၆၈။ | ဒေါ်လှလှမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၆၉။ | ကိုဇော်ဇော်မြင့်နှင့်ဇနီး ဒေါ်ကြူကြူဇင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၇၀။ | ဦးကျော်ညွန့်နှင့်ဇနီး ဒေါ်တင်ကြည် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၇၁။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်ခင်ကြည် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၁၇၂။ | ကွယ်လွန်သူဦးစိန်လှိုင်နှင့် ဒေါ်မြထိန်အားရည်စူး၍ ဒေါ်မာလာလှိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄-ပိန္နဲကုန်း၊ မြေကွက်အမှတ်-၄၉/င၊ ဧရိယာ ၀.၁၃၂ဧက၊ မြေကွက်တည်နေရာအမှတ်(၄၉-င)၊ ပိန္နဲကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ် ဦးငွေးလွင်[၁၂/အစန(နိုင်)၀၃၇၈၂၈]၊ ဒေါ်နွဲ့နွဲ့ကြည်[၁၂/အစန(နိုင်)၀၃၇၈၂၉] အမည်ပေါက် B (အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးငွေးလွင်(ခင်ပွန်း)သည် (၈-၈-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်နွဲ့နွဲ့ကြည်[၁၂/အစန(နိုင်)၀၃၇၈၂၉]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ အခြားသော ဇနီးမယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းတို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အားလျော်စွာ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအနက်မှ ခင်ပွန်းပိုင်ဆိုင်ခွင့်အစုအား ကျန်ရစ်သူတစ်ဦးတည်းသော ဇနီးဖြစ်သူ ၎င်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်(၃၁၉/၂၀၂၃) (၁၇- ၈-၂၀၂၃)၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ သေဆုံးမှုလက်မှတ်၊ အမည်ပေါက်စာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ် တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပြင်ဆင်ဖတ်ရှုပါရန်**

